ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ (30-3-2016) (၈၅၂၁)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခြင်း၊ နိုင်ငံတော်သမ္မတအိမ်တော်၌ တာဝန်လွှဲပြောင်းခြင်း အစီအစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၁၅)ရက် မြောက်နေ့ကို မတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်နှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား(News Channel)၊ လွှတ်တော် Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့တွင် နံနက် ၁၀ နာရီမှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။

အလားတူ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပမည့် တာဝန်လွှဲပြောင်းခြင်း အခမ်းအနားကိုလည်း MRTV News Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အင်းလေးကန်အတွင်း ခရီးသွားများ ပုံမှန်လာရောက်လျက်ရှိပြီး ရေစီးရေလာကောင်းမွန်လျက်ရှိ

အင်းလေးကန်ကြီးတွင် ရေခန်းခြောက်လုလုဖြစ်၍ စက်တပ်လှေများ သွားလာမှုခက်ခဲနေကြောင်း ဂျာနယ်အချို့တွင် ရေးသားထားသည်ကို စိတ်မကောင်းစွာ ဖတ်ရှုနေရသည်။

အမှန်တကယ်တွင် ဆည်မြောင်းဦးစီးဌာန၏ စဉ်ဆက်မပြတ် လုပ်ဆောင်ထားမှုများကြောင့် ရေစီးရေလာကောင်းမွန်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ နေ့စဉ်ပုံမှန် လာရောက်လျက်ရှိကြောင်းသိရသည်။

ဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်က "အင်းလေးကန်ကြီးဟာ ဂျာနယ်ထဲမှာ သတင်းသမားတွေ ရေးသားကြသလို မဟုတ်ပါဘူး။ ဆရာမြင်တွေ့နေရတဲ့အတိုင်း ဖောင်တော်ဦးဘုရား စံကျောင်းတော်အရှေ့၊ အနောက်၊ တောင်၊ မြောက်ကမ်းစပ်တွေမှာ စက်တပ်လှေတွေ လွယ်ကူစွာ ဆိုက်ကပ်ထားတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနနဲ့ ဒေသခံပြည်သူတွေ ဝိုင်းဝန်းလုပ်ဆောင်တဲ့အတွက်ကြောင့် အင်းလေးကန်ကြီးဟာ အခုလိုစိမ်းလန်းစိုပြည်လျက်ရှိနေပါတယ်" ဟု မတ်လဆန်းပိုင်းက ပြောကြားသည်။

ရှမ်းပြည်နယ်အစိုးရ၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် ဆည်မြောင်းဦးစီးဌာနသည် အင်းလေးကန်အတွင်း အဓိကလုပ်ငန်းတာဝန် (၈)ရပ်ဖြင့် သဲနုန်းမြေများ တူးဖော်ခြင်း၊ အင်းလေးကန်အတွင်းသို့ သဲနုန်းများ ကျရောက်ခြင်းမှ ကာကွယ်ထိန်းသိမ်းရေး၊ ကိုင်းပင်၊ ကျွန်းမျောပင်၊ ရေမှော်ပင်များ ရှင်လင်းဆောင်ရွက်ခြင်းများ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



သတင်းနှင့်ဓာတ်ပုံ
ညောင်ရွှေခင်မောင်မြ

အင်းလေးဖောင်တော်ဦးဘုရားတွင် စက်လှေများ ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။

## မန္တလေးသင်္ကြန်တွင် ရွှေခြေချင်းဝတ်ပြီး ရွှေဖလား၊ ငွေဖလားကိုင်ကာ သပြေခက်နှင့် ရေကစားမည်

စာမျက်နှာ » ၂

## မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့တော်နေပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် စီစဉ်ထား

စာမျက်နှာ » ၅

## ဈေးကွက်စီးပွားရေးစနစ်နှင့် ပတ်သက်၍

စာမျက်နှာ » ၆



ကြေးမုံစာတည်းရှုထောင့် ၃၀-၃-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# အပူဒဏ်နှင့်ခါသကြ်န်

ယခုအချိန်သည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ သိသိသာသာ ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထို့အတူ တစ်နှစ်မှတစ်ကြိမ် နွေရာသီကာလရောက်မှ ဆင်နွှဲကြရသည့် မြန်မာတို့၏ရိုးရာ အတာသင်္ကြန် ရေသဘင်ပွဲဆင်နွှဲရန်ရက်များသည်လည်း တဖြည်းဖြည်းနီးကပ်လာချေပြီ ဖြစ်၏။

နွေ၏အပူ မည်မျှပြင်းထန်စေကာမူ နေအပူချိန်ကို အန်တုကာ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲတော်အား နှစ်စဉ် အစဉ်အလာမပျက် ဆင်နွှဲလာခဲ့ကြသည်ဖြစ်ရာ ယခုနှစ်တွင်လည်း သင်္ကြန်ရေသဘင်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်မှုများဖြင့် လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်သည်။

ယခုနှစ် ခါသင်္ကြန်ကာလ၌ ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာပြောင်းလဲလာသည့်ရာသီဥတုဖြစ်သည့် ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတုဒဏ်ကိုမူ သတိပြုဆင်ခြင်ကြရမည်ဖြစ်ပေသည်။ အဆိုပါ အယ်နီညိုရာသီဥတုဒဏ်ကြောင့် အပူချိန်မြင့်တက်လွန်ကဲခြင်းနှင့်အတူ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ မြင့်တက်မှုနှင့် ရေရှားပါးမှုဖြစ်စဉ်များကိုလည်း တစ်ဆက်တည်းခံစားနေကြရပြီဖြစ်သည်။

ထို့ကြောင့် အပူဒဏ်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်များ၊ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်တက်မှုကြောင့် ဆောင်ရန်၊ ရှောင်ရန်များကို သက်ဆိုင်ရာက အသိပေးမှုများဆောင်ရွက်လျက်ရှိသလို တစ်ဖက်ကလည်း သင်္ကြန်ပွဲဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင်လှုပ်ရှား ဆောင်ရွက်နေကြချိန်လည်း ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ အချို့ဒေသများတွင် နွေရာသီရောက်တိုင်း ရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့ရလေ့ရှိသော်လည်း ယခုနှစ်တွင် ကျရောက်သည့် အယ်နီညိုရာသီဥတုဒဏ်ကြောင့် နွေရာသီစတင်ကတည်းက ရေပြတ်လပ်မှု၊ ရေခန်းခြောက်မှုများကြောင့် သက်ဆိုင်ရာနှင့် စေတနာရှင်များက ရေလှူဒါန်းနေမှုများကိုလည်း ကြားသိနေရသော်လည်း သွားလာရေးခက်ခဲပြီး ဝေးလံသော ဒေသများအတွက် ရေအရေးမှာ အခက်ပွေနေဆဲဖြစ်သည်။

အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင်လည်း ဆယ်စုနှစ် နှစ်စုတာ ကာလအတွင်း အဆိုးရွားဆုံးသောမိုးခေါင်မှုကို ခံစားနေရသဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရိုးရာဆွန်ခရမ်ရေသဘင်ပွဲတော်ကို ကျင်းပမြဲ လေးရက်အစား သုံးရက်မျှသာ ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သတင်းစကားများကြား သိရသည်။

ရှေးယခင်က မြန်မာ့ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲဆင်နွှဲရာတွင် ငွေဖလားနှင့် သပြေခက်ဖြင့် ရေစင်ပက်ဖျန်းကာ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းခဲ့ကြသည်။ ယခုအခါ အစုအဖွဲ့လိုက်မဏ္ဍပ်များဖြင့်လည်းကောင်း၊ မဏ္ဍပ်ကြီးများတွင် ရေပိုက်၊ မီးသတ်ပိုက်များနှင့် ရေကစားကြပြီး အရက်သေစာသောက်စားကာပျော်ပါးမှ သင်္ကြန်သည် ပျော်စရာကောင်းသည်ဆိုသော အတွေးအခေါ်များ ဝင်ရောက်နေရာယူလာသည်။

စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ ရွှေကိုမလို ရေကိုသာလိုသည့် မြန်မာနိုင်ငံတွင် အဖိုးတန်လှသည့် ရေအရင်းအမြစ်များကို သင်္ကြန်ကာလတွင် လိုအပ်သည်ထက် ပိုမိုသုံးစွဲပါက ဆက်လက်ဖြတ်ကျော်ရမည့် နွေကာလအတွက် အခက်အခဲများနှင့် မုချမသွေ ကြုံတွေ့ရနိုင်သဖြင့် ချင့်ချိန်သုံးစွဲသင့်သည်။

ထို့အပြင် ခရမ်းလွန်ရောင်ခြည်သည် လူသားတို့အတွက် အန္တရာယ်ဖြစ်စေသဖြင့် အချိန်ကြာမြင့်စွာ ထိတွေ့မိပါက မျက်စိတိမ်စွဲခြင်း၊ အရေပြားပျက်စီးခြင်း၊ အိုမင်းရင့်ရော်လာခြင်း၊ ခွန်အားကျဆင်းခြင်း၊ ခုခံအားကျဆင်းခြင်းနှင့် အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားနေသည့် ယခုလို အချိန်မျိုးတွင် ကျရောက်မည့်မဟာသင်္ကြန်ကိုလည်း အသိ၊ သတိထားရှိကာ ဆင်နွှဲဖို့လိုပေသည်။

ယခုနှစ် မဟာသင်္ကြန်သည် ယခင်နှစ်များနှင့်မတူ သင်္ကြန်ရက် ငါးရက် ဆင်နွှဲကြရမည်ဖြစ်သဖြင့် ရေသဘင်ဆင်နွှဲသူများအနေဖြင့် အပူဒဏ်ကာကွယ်ရေးအသုံးအဆောင်များဖြစ်သည့် ထီး၊ ဦးထုပ်၊ မျက်မှန်၊ လုံခြုံမှုရှိသော ချည်ထည်အဝတ်အစားများကို ဂရုတစိုက် ဝတ်ဆင်အသုံးပြုကြခြင်းအားဖြင့် မိမိကိုယ်ကို အပူဒဏ်မှကာကွယ်ရာလည်းရောက်မည်ဖြစ်သည်။ အတို အပြတ် အဝတ်အစားများဝတ်ဆင်ခြင်းကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဂုဏ်ဒြပ် ညှိုးနွမ်းစေခြင်းမှလည်း ကင်းဝေးစေနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် မကြာမီကျရောက်လာမည့် သင်္ကြန်ကာလတွင် အပူဒဏ်နှင့် ခါသင်္ကြန်ကို အသိတရားရှိစွာဖြင့် ဆင်နွှဲကြရန်အကြံပြုတိုက်တွန်းလိုက်ရပေသည်။ ။

## မန္တလေးသင်္ကြန်တွင် ရွှေခြေချင်းဝတ်ပြီး ရွှေဖလား၊ ငွေဖလားကိုင်ကာ သပြေခက်နှင့် ရေကစားမည်

**မန္တလေး မတ် ၂၉**

၂၀၁၆ ခုနှစ် မြန်မာရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာရိုးရာဝတ်စားဆင်ယင်မှုနှင့်အတူ ရွှေခြေချင်းများဝတ်ဆင်ကာ ရွှေဖလား၊ ငွေဖလားများကိုင်ဆောင်ပြီး သပြေခက်နဲ့ ရေပက်ကစားကြမည်ဖြစ်ကြောင်း မန္တလေးမြို့ အမျိုးသမီးစီးပွားရေးနှင့် လူမှုရေးအသင်းမှ သိရသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် သင်္ကြန်ငါးရက်တာ ကာလအတွင်း ရေပက်ကစားကြမည်ဖြစ်ပြီး ၁၉၈၀ ခုနှစ်ဝန်းကျင်က မန္တလေးသင်္ကြန်ကို ပုံဖော်ကာ တိမ်မြုပ်ပျောက်ကွယ်နေသည့် မန္တလေးမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ပြန်လည်ဖော်ထုတ်သွားခြင်းဖြစ်သည်။

ယနေ့ခေတ် သင်္ကြန်ကာလအတွင်း ဒူးပေါ်ပေါင်ပေါ် အဝတ်အစားများဖြင့် အမြင်တင့်တယ်ခြင်းမရှိဘဲ မူးယစ်သောက်စားကာ သရုပ်ပျက်ကခုန်နေမှုများရှိနေခြင်းကြောင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ပြီး ထိုသို့ မြန်မာဆန်ဆန်ဝတ်စားဆင်ယင်ကာ ရွှေခြေချင်းဝတ်ပြီး ရွှေဖလား၊ ငွေဖလားများဖြင့် သပြေခက်နှင့် ရေကစားမည့် မန္တလေး အမျိုးသားကဇာတ်ရုံဝင်းအတွင်း မူးယစ်သေစာရောင်းချခြင်း၊ သောက်စားခြင်းကို တားမြစ်မည်ဖြစ်ကြောင်း သိရသည်။

ရေကစားနိုင်ရန် ဝင်ကြေးအဖြစ် ကျပ် ၂၀၀၀ ကောက်ခံသွားရန် စီစဉ်ထားရှိပြီး သင်္ကြန်အကြိုနေ့မှစတင်ကာ သင်္ကြန်အတက်နေ့အထိ ရေကစားကြမည်ဖြစ်သည်။ ရေကစားချိန်မှာ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ မွန်းလွဲပိုင်းတွင် ၂ နာရီမှ ညနေ ၅ နာရီထိတစ်ကြိမ် တစ်ရက်လျှင် နှစ်ကြိမ်သတ်မှတ်ထားကာ ရေကစားကြမည်ဖြစ်သည်။ မန္တလေးသင်္ကြန်ကို ပြန်လည်ဖော်ထုတ်မည့်သင်္ကြန်ပွဲတွင် မြန်မာ့ရိုးရာအစားအစာများကိုလည်း ရောင်းချသွားမည်ဖြစ်ပြီး ညပိုင်းတွင် သင်္ကြန်သီချင်း၊ သင်္ကြန်အကများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၂)**

## အယ်နီညို ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**မကွေး မတ် ၂၉** ။ ။ နွေရာသီကာလအတွင်း ရာသီဥတုပြောင်းလဲမှု အယ်နီညိုဖြစ်စဉ်များကြောင့် အပူချိန်မြင့်တက်လျက်ရှိရာ မကွေးမြို့နယ်အတွင်း အယ်နီညိုရာသီဥတုတုံ့ပြန်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးဝန်ကြီးက အယ်နီညိုရာသီဥတုကာလအတွင်း ပူပြင်းသော ရာသီဥတုဒဏ်ကာကွယ်ရန် သတိပေးနှိုးဆော်ချက်များ နေ့စဉ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**



## ဟားခါး၌ သဘာဝဘေးသင့်ပြည်သူများအား သွပ်ပြားများ ပေးအပ်

**ဟားခါး မတ် ၂၉**

မိမိတို့အစီအစဉ်ဖြင့် နေအိမ်များဆောက်လုပ်မည့် ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအား အိမ်မိုးသွပ်ပြားများကို မတ် ၂၈ ရက်က ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းအိမ်မိုးသွပ်ပြားများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးသည့် တန်ဖိုးသင့်အိမ်ရာ ၄၁၇ လုံးနှင့် မိမိအစီအစဉ်ဖြင့်ဆောက်လုပ်မည့် ယင်းအိမ်ထောင်စု ၃၁၅ စုအတွက် တစ်အိမ်ထောင်လျှင် အိမ်မိုးသွပ်ပြား အချပ် ၆၀ နှုန်းဖြင့် ထောက်ပံ့လှူဒါန်း ပေးအပ်ကြောင်း သိရသည်။ **( ခရိုင်ပြန်/ဆက်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၉**

ရန်ကုန်(ရွှေဈေး) ၇၈၈၀၀၀ - ၇၈၈၀၀၀ မန္တလေး(ရွှေဈေး) ၇၈၇၅၀၀ - ၇၈၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၉၀ ကျပ်၊ | ၅၁၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၃၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၁၆.၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၁၈.၂၅၉ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၆၁.၅ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၃.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၈၆.၈၆ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၄.၄၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၄.၄၀၄ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၈.၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၃.၈၉ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၈၈.၅၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပြည်တွင်းရေးရာ

# ချင်းပြည်နယ်တောင်ပိုင်း အဝင်တံခါးလေး ရွှေစမ်းချောင်းတံတား(ကဇွန်းမ)ဖွင့်လှစ်



**ဆိပ်ဖြူ မတ် ၂၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် ဧရာဝတီမြစ်၏အနောက်ဘက်တွင် တည်ရှိသည့် မြို့ကလေးတစ်မြို့ဖြစ်သည်။ အရှေ့ဘက်တွင် ချောက်မြို့နယ်၊ တောင်ဘက်တွင် စလင်းမြို့နယ်၊ မြောက်ဘက်တွင် ပေါက်မြို့နယ်၊ အရှေ့မြောက်ဘက်တွင် ပခုက္ကူမြို့နယ်နှင့် အနောက်ဘက်တွင် ဆောမြို့နယ်တို့တည်ရှိကာ ယောဒေသနှင့် ချင်းတောင်တန်းကြီးတို့နှင့် ထိစပ်လျက်ရှိပြီး ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့များသို့သွားရောက်ရာ အဝင်မြို့လေးတစ်မြို့ဖြစ်သည်။ ချင်းပြည်နယ်တောင်ပိုင်းမှ ဒေသခံပြည်သူအများကလည်း မြန်မာနိုင်ငံရှိ မြို့ကြီးများသို့ သွားရောက်ရာတွင် ဆိပ်ဖြူမြို့နယ်မှတစ်ဆင့် ဖြတ်သန်းအသုံးပြုခဲ့ကြသည်။

ရွှေစမ်းချောင်းသည် မြောက်မှတောင်သို့စီးဆင်းသော ချောင်းဖြစ်ပြီး ချောင်းမိုင် အရှည် ၁၉ မိုင် ရှိပြီး ဒူးတောင်ဒေသမှအခြေခံ၍ ရေစီးသန်သော ချောင်းတစ်ချောင်း ဖြစ်သည်။

ဆိပ်ဖြူမြို့သည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံညောင်ဦးမြို့နှင့် ၂၁ မိုင်ခန့်သာ ကွာဝေးပြီး ကမ္ဘာလှည့်ခရီးသွားတို့သည် ပုဂံညောင်ဦးမြို့မှ ချောက်မြို့၏ဒေသန္တရဗဟုသုတတို့ကို လေ့လာခဲ့ကာ ဧရာဝတီမြစ်ကို အနော်ရထာတံတားကြီးပေါ်မှဖြတ်ကူး၍ ဆိပ်ဖြူမြို့မှတစ်ဆင့် ဆောမြို့နယ်၊ ထိုမှတစ်ဆင့် ချင်းပြည်နယ်တောင်ပိုင်းရှိ ကန်ပက်လက်မြို့လေးသို့ အရောက်သွားကြသည်။ ထိုသို့သွားရောက်ရာတွင် မိုးတွင်းကာလ၌ ကမ္ဘာလှည့်ခရီးသွားများ၊ ဆောမြို့နယ်မှ ခရီးသွားပြည်သူများနှင့် ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်၊ မတူပီ၊ မင်းတပ်တို့မှ ဒေသခံအများစုသည် ဆိပ်ဖြူမြို့နှင့် မိုင် ၃၀ ခန့်အကွာ ကဇွန်းမကျေးရွာအနီးရှိ ရွှေစမ်းချောင်းတွင် မိုးရွာသွန်းခြင်းကြောင့် တောင်ကျရေကျလာလျှင် ချောင်းရေဖြတ်ကူးရသောဒုက္ခများကို နှစ်စဉ်ခံစားနေခဲ့ရသည်။ ချောင်းရေများလျှင် နှစ်ရက်မှ သုံးရက်အထိ ချောင်းပိတ်မိခဲ့ကြရသည်ဟု သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် လမ်းများဖောက်လုပ်အဆင့်မြှင့်တင်ခြင်း၊ မြစ်ကူး ချောင်းကူးတံတားများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆိပ်ဖြူမြို့နယ် ရွှေစမ်းချောင်းတံတား(ကဇွန်းမ)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူက တာဝန်ယူ၍ ၂၀၁၅ ခုနှစ် ဇွန် ၇ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ ထိုရွှေစမ်းချောင်းတံတား(ကဇွန်းမ)ကို မတ် ၂၅ ရက်တွင် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ အောင်မြင်စွာပြီးစီးခဲ့ကာ ချင်းပြည်နယ်တောင်ပိုင်း အဝင်တံခါးလေးဖြစ်သည့် ရွှေစမ်းချောင်းတံတား (ကဇွန်းမ)ကို မတ် ၂၇ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့ (၅)ဆိပ်ဖြူမှ ဦးကျော်ငွေး ဦးစီးအရာရှိ(မြို့ပြ)က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရွှေစမ်းချောင်းတံတား (ကဇွန်းမ)ကို ၂၀၁၅ ခုနှစ် ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆိပ်ဖြူမြို့နှင့် ချင်းပြည်နယ် ကန်ပက်လက်မြို့သည် အကွာအဝေး မိုင် ၈၀ ၅ ဖာလုံရှိပါကြောင်း၊ တံတားတည်ဆောက်ခြင်းရန်ပုံငွေကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ရွှေစမ်းချောင်းတံတား(ကဇွန်းမ)က ဆိပ်ဖြူ-ဆော-ကန်ပက်လက် လမ်းပေါ်တွင်တည်ရှိကာ ဆိပ်ဖြူမြို့နှင့် မိုင် ၃၀ အကွာတွင်တည်ရှိကြောင်း၊ တံတားအခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၄၀ × ၉ ခန်း၊ ပေ ၆၀ × ၈ခန်း စုစုပေါင်း တံတားအရှည် ပေ ၈၄၀ ရှိပြီး တံတားအုတ်မြစ်အမျိုးအစား ပေ ၄၀ အခန်းဘက်တွင် ၆ ပေ Span Pipe Foundation အမျိုးအစား၊ ပေ ၆၀ အခန်းဘက်တွင် ၁ ဒသမ ၂ အချင်းမီတာရှိသော Bore Pipe Foundation တံတားအပေါ်ထည် သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၇ ပေ နှစ်လမ်းမောင်း တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်ပါကြောင်း၊ လုပ်ငန်းစတင်တည်ဆောက်စဉ်က ၆ ပေ Span Pipe ဆောင်ရွက်စဉ် လူအားဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ လုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရန် ရုံးချုပ်သို့တင်ပြခဲ့ပြီး ပေ ၆၀ ခန်းဖွင့် ပြန်ပြောင်းဆောင်ရွက်ခဲ့ကာ ၁ ဒသမ ၂ အချင်းမီတာရှိသော Bore Pipe ဖြင့် ဆောင်ရွက်နိုင်ခြင်းအတွက် တံတားတည်ဆောက်ခြင်းလုပ်ငန်း လျင်မြန်အောင်မြင်စွာပြီးစီးခဲ့ပါကြောင်း၊ ဤတံတားကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ပြီဖြစ်၍ ဒေသခံပြည်သူများရော၊ ကမ္ဘာလှည့်ခရီးသည်များပါ လမ်းခရီးကြန့်ကြာမှုမရှိစေတော့ဘဲ အချိန်တိုအတွင်း အေးချမ်းစွာ လိုရာခရီးရောက်ရှိနိုင်မည်ဖြစ်သည့်အတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားခဲ့သည်။

**စိုးလင်းနိုင်(IPRD)**

◆

❒ **ရွှေဖုံးမှ**

ထို့အတူ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က "အင်းလေးကန်ကြီးကို ယူနက်စကိုက လူသားနဲ့ ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ဖို့ နိုင်ငံတော်သမ္မတကြီးနဲ့ ဝန်ကြီးဌာနအဆင့်ဆင့် တိုင်အောင် အထူးဆောင်ရွက်ကြတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘတ်ဂျက်ရန်ပုံငွေနဲ့တာဝန်ယူဆောင်ရွက်ခဲ့ပေမယ့်လည်း လေးနှစ်တာကာလအတွင်း ရှမ်းပြည်နယ်ဘတ်ဂျက်ရန်ပုံငွေမှ အများဆုံးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရေဖြည့်ကန်များဖြစ်တဲ့ သာစည်ကန်၊ နဒီကန်နဲ့ လွယ်မောကန်တွေကို ပြန်လည်တူးဖော်နိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်ဘတ်ဂျက်မှာ အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများနဲ့အတူ ကန်တော်ကန်၊ ကန်ထောင့်ကန်များ တူးဖော်နိုင်ရန် လျာထားပေးနိုင်ခဲ့ပါတယ်။ အင်းလေးကန်အာဏာပိုင်အဖွဲ့ကိုလည်း အစပျိုးလုပ်ကိုင်နိုင်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တစ်ဖန် နိုင်ငံတော်သမ္မတကြီးက ၂၀၁၅ ခုနှစ် ဇွန်လနဲ့ စက်တင်ဘာလအတွင်း နှစ်ကြိမ်တိတိလာရောက်ကြည့်ရှုပြီး လမ်းညွှန်မှုများနဲ့အညီ ဆည်မြောင်းဦးစီးဌာနက အပူတပြင်းဖော်ဆောင်ခဲ့ရာ ယခုအခါမှာတော့ အင်းလေးကန်အတွင်း သွားလာမှု လွယ်ကူချောမောနေပြီဖြစ်ပါတယ်" ဟုပြောပြသည်။

ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းငွေးက "နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုအရ အင်းလေးကန်အတွင်း အဓိကရေလမ်းကြောင်းများနဲ့ နုန်းပို့ပြင်များ သဲနုန်းတူးဖော်ခြင်း၊ ညောင်ရွှေမြို့မြောက်ဘက်ရှိ အင်းလေးကန်ရဲ့ ရေကူးကန်များဖြစ်တဲ့ သာစည်ကန်နဲ့ နဒီကန်များကို သဲနုန်းတူးဖော်ခြင်းများ အလေးထားဆောင်ရွက်ခဲ့ပါတယ်။

"အင်းလေးကန်အတွင်းနဲ့ ရေလမ်းကြောင်းများမှာ ယခုအချိန် ရေအနက်လေးပေနှင့်အထက် ရှိပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေး လေ့လာဆန်းစစ်မှုများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေလယ်ရေနက်တဲ့နေရာမှာ ရေအနက် ၁၀ ပေခန့်ရှိပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ဝင်ရေအခြေအနေကို လေ့လာပြီး စဉ်ဆက်မပြတ်ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အင်းလေးကန်ဟာ ရေကိုလိုသလို ပိတ်လှောင်ပြီး သိုလှောင်ထားလို့ရတဲ့ တမံတစ်ခုမဟုတ်ဘဲ သဘာဝရေကန်ဖြစ်ပါတယ်။ သဘာဝရေကန်ဖြစ်တာနဲ့အညီ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အင်းလေးကန်နဲ့ အင်းလေးကန်တစ်ဝိုက်မှာ မှီတင်းနေထိုင်ကြတဲ့ ဒေသနေပြည်သူများ သွားလာရေး၊ စိုက်ပျိုးရေးနဲ့ အခြားလူနေမှုလုပ်ငန်းများကို အခက်အခဲမရှိအောင် အချိုးညီညီ ထိန်းသိမ်းပေးရတဲ့လုပ်ငန်း ဖြစ်ပါတယ်။

"သဘာဝရေကန်ရဲ့ ဖြစ်ရိုးဖြစ်စဉ်အရ နွေရာသီကာလရောက်တာနဲ့ ကန်အတွင်းရေနည်းပါးလာခြင်းကတော့ ကြုံတွေ့ရမှာဖြစ်ပါတယ်။ ထူးကဲတဲ့ရေကျဆင်းမှုမဖြစ်ပေါ်စေရေးနဲ့ အဓိကရေလမ်းကြောင်းများကို သွားလာလို့ရအောင် ကျွန်တော်တို့ဆည်မြောင်းဌာနအနေနဲ့ အင်းလေးကန်ရဲ့ချောင်းပေါ်မှာ ရေကျဆင်းမှုလျော့နည်းသက်သာဖို့ ရည်ရွယ်တည်ဆောက်ထားတဲ့ ရေထိန်းရေမြှင့် အဆောက်အအုံ (Geo-Tube) နှစ်ခုရှိပါတယ်။

"အဲဒီနေရာနှစ်ခုမှာလည်း ရေကျဆင်းမှုသက်သာဖို့အတွက် ရေလမ်းကြောင်းများကို ကျဉ်းမြောင်းပေးခြင်းများ ဆောင်ရွက်ထားတဲ့အပြင် ရေစီးရေလာအနေအထားများကိုလေ့လာပြီး ပိတ်ဆို့သင့်တဲ့ရေလမ်းကြောင်းများ ပိတ်ဆို့ပေးခြင်း၊ တူးဖော်ပေးဖို့လိုအပ်တဲ့ ရေလမ်းကြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ထားပါတယ်" ဟု ပြောပြသည်။

မိုးရွာသွန်းမှုအနေဖြင့် ညောင်ရွှေမြို့နယ်တွင် ၂၀၁၄ ခုနှစ်က မိုးရေချိန် ၃၂ လက်မကျော် ရွာသွန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မိုးရေချိန် လက်မ ၃၀ သာ ရွာသွန်းခဲ့သည်။ ၂၀၁၄ ခုနှစ် မိုးရာသီတွင် အင်းလေးကန်အတွင်း ဧကပေ ၂ ဒသမ ၆ သိန်းကျော် ရေသိုလှောင်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဧကပေ ၂ ဒသမ ၄ သိန်းသာ သိုလှောင်ထားနိုင်ခဲ့သည့်အတွက် အင်းလေးကန်အတွင်း ဧကပေ ၂၀၀၀၀ ကျော် ရေဝင်ရောက်မှု လျော့နည်းခဲ့ကြောင်း သိရသည်။

ဤသို့လျှင် မြန်မာနိုင်ငံတွင် ပထမဦးဆုံးယူနက်စကို၏ ဇီဝအဝန်းနယ်မြေသစ်ဖြစ်လာသော သတင်းမွှေးသည့် ကမ္ဘာကျော် အင်းလေးကန်သို့ တစ်ခေါက်သွားရောက်လေ့လာပြီး ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ရေးသားတင်ဆက်မိပါတော့သည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၉**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ မတ် ၂၉ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ သတ္တုတွင်းဦးစီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၄၇၀၅၀၀ လာရောက်လှူဒါန်းသည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ကမ်းလက်များ Online ပရဟိတအသင်းမှ ငွေကျပ် ၄၀၀၀၀၀ ကို လက်ခံရရှိသည်။

သို့ဖြစ်၍ ဖေဖော်ဝါရီ ၅ရက်မှ မတ် ၂၉ ရက်အထိ လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၃၀၅၁၉၁၇၀၀ နှင့် အမေရိကန်ဒေါ်လာ ၄၅၂၅၁၊ ယူရို ၅၁၀၊ ယွမ် ၂၄၅၀၊ ဂျပန်ယန်း ၁၄၇၀၀၀ ဖြစ်သည်။

**(သတင်းစဉ်)**

❋

# ရန်ကုန်သင်္ကြန် ပြည်သူများအဆင်ပြေစေရန် အခမဲ့မိုဘိုင်းသန့်စင်ခန်းများချပေးမည် ရေကစားမဏ္ဍပ်များအတွက် မိုဘိုင်းသန့်စင်ခန်းတစ်လုံးကို တစ်ရက် ကျပ်တစ်သောင်းနှုန်းဖြင့် ငှားရမ်းပေးမည်

**ရန်ကုန် မတ် ၂၉**

ရန်ကုန် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အဆင်ပြေစေရန် လူစည်ကားသည့် လမ်းဆုံ လမ်းခွနေရာများ၌ အခမဲ့မိုဘိုင်းသန့်စင်ခန်းများကို ချပေးသွားမည့်အပြင် ရေကစားမဏ္ဍပ်ကြီးများတွင် အသုံးပြုနိုင်ရန် မိုဘိုင်းသန့်စင်ခန်းတစ်လုံးကို တစ်ရက် ကျပ်တစ်သောင်းနှုန်းဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးကိုကိုကျော်စွာက ပြောသည်။

"သင်္ကြန်ကာလမှာ ပြည်သူတွေ အဆင်ပြေမှုရှိအောင် အခမဲ့ဆိုတဲ့စာတွေကပ်ပြီး လူစည်ကားတဲ့ လမ်းမကြီးတွေနဲ့ လမ်းဆုံ လမ်းခွနေရာတွေမှာ ချသွားဖို့စီစဉ်ထားပါတယ်။ သင်္ကြန်ရေကစားမဏ္ဍပ်တွေကိုလည်း မိုဘိုင်းသန့်စင်ခန်းတွေ လိုအပ်ရင် အခကြေးငွေနဲ့ ငှားရမ်းပေးသွားမှာပါ။ သင်္ကြန်ကာလပြီးလို့ပြန်သိမ်းတဲ့အခါ ပျက်စီးနေရင်တော့ ပျက်စီးပစ္စည်းတန်ဖိုးရဲ့သုံးဆအပြင် ပြန်လည်ပြုပြင်ခကို ဒဏ်ကြေးအဖြစ် မဏ္ဍပ်အာမခံစပေါ်ငွေထဲက ပေးလျော်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် သင်္ကြန်ကာလအတွင်း အများပြည်သူအသုံးပြုနိုင်ရန် လူစည်ကားသည့်လမ်းမကြီးများနှင့် လမ်းဆုံလမ်းခွနေရာများတွင် အခမဲ့မိုဘိုင်းသန့်စင်ခန်း အလုံး သုံးဆယ်ကျော်ကို နေရာခွဲဝေချထားပေးရန်စီစဉ်ထားသည်။ ထို့အပြင် ရေကစားမဏ္ဍပ်များအနေဖြင့် မိုဘိုင်းသန့်စင်ခန်း လိုအပ်ပါက မိုဘိုင်းသန့်စင်ခန်းတစ်လုံးကို တစ်ရက်ကျပ်တစ်သောင်းနှုန်းဖြင့် ငှားရမ်းပေးနိုင်ရန် အလုံးလေးဆယ်ခန့် စီစဉ်ထားပြီး အဆိုပါမိုဘိုင်းသန့်စင်ခန်းများကို ရေပုပ်စုပ်ယာဉ်လေးစီးဖြင့် နေစဉ်လှည့်လည်၍ စုပ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မိုဘိုင်းသန့်စင်ခန်းတစ်လုံး၏ ကာလတန်ဖိုးမှာ အမျိုးအစားအလိုက် ငွေကျပ် ကိုးသိန်းမှ ၁၅ သိန်းအထိရှိပြီး ယခင်နှစ်သင်္ကြန်တွင် ရေကစားမဏ္ဍပ်ကြီးများက အလုံး ၄၀ ခန့် ငှားရမ်း အသုံးပြုခဲ့သည်။ သင်္ကြန်ကာလပြီးဆုံး၍ ပြန်လည်သိမ်း ဆည်းရာတွင် ပျက်စီးမှုများရှိခဲ့သဖြင့် မဏ္ဍပ်အာမခံစပေါ် ငွေမှ ငွေကျပ် ၃၉၀၀၀၀ ကို ဒဏ်ကြေးငွေအဖြစ်ရရှိခဲ့ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# အီဂျစ်အဲလေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ် ပြန်ပေးဆွဲခံခဲ့ရသော်လည်း ပြန်ပေးသမားကို ဖမ်းဆီးရမိ

**ကိုင်ရို မတ် ၂၉**

အီဂျစ်အဲလေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းသည် အီဂျစ်နိုင်ငံမြောက်ပိုင်း အလက်ဇန်းဒီးယား မြို့မှ မြို့တော်ကိုင်ရိုသို့ ပျံသန်းနေစဉ်အတွင်း အမျိုးသားတစ်ဦးက လေယာဉ်ကို ပြန်ပေးဆွဲခဲ့ပြီး ဆိုက်ပရပ်စ်နိုင်ငံ လာနာကာမြို့သို့ လမ်းကြောင်းပြောင်း ပျံသန်းစေခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လေယာဉ်စီးခရီးသည်တစ်ဦးက လေယာဉ်ကို ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ပြီး လာနာကာလေဆိပ်၌ ၎င်းအား ဖမ်းဆီးလိုက်နိုင်ပြီဟု ဆိုက်ပရပ်နိုင်ငံခြားရေးဝန်ကြီးဌာနက အင်တာနက်တွစ်တာမှတစ်ဆင့် နောက်ပိုင်းတွင် ကြေညာချက်ထုတ်ပြန်သည်။

ခရီးစဉ်အမှတ် ၁၈၁ ပျံသန်းလာသော ခရီးသည်တင်လေယာဉ်ပေါ်တွင် လေယာဉ်ဝန်ထမ်းခုနစ်ဦး အပါအဝင် လူ ၈၁ ဦးလိုက်ပါလာခဲ့ကြောင်း၊ ဆိုက်ပရပ်၌ လေယာဉ်ဆင်းသက်အပြီး မကြာခင်မှာပင် ခရီးသည်အများစုကို လွှတ်ပေးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ငါးနာရီကြာ တင်းမာနေခဲ့ပြီးနောက် နောက်ဆုံးလက်ကျန်လူခုနစ်ဦးသည် လေယာဉ်ကို စွန့်ခွာထွက်ပြေးရန် ကြိုးပမ်းခဲ့ပုံရကြောင်း၊ လေယာဉ်မောင်းခန်းပြတင်းမှ လူတစ်ဦးဆင်းသက်လာပုံကို ဗီဒီယို မှတ်တမ်းတွင် တွေ့မြင်ရကြောင်းသတင်းတွင် ဖော်ပြသည်။



မိမိသည် ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်ထားသော ခါးပတ်ကို ပတ်ထားသည်ဟု ပြန်ပေးသမားက ခြိမ်းခြောက်ခဲ့သည်ဟု ကနဦးသတင်းတွင် ဖော်ပြသည်။

ပြန်ပေးဆွဲသမားသည် ပုဂ္ဂလိက ရည်မှန်းချက်တစ်ရပ်အရ လေယာဉ်ပြန်ပေးဆွဲမှုပြုလုပ်သည်ဟု ယူဆရပြီး အကြမ်းဖက်မှုနှင့်သက်ဆိုင်ဖွယ်မရှိဟု ဆိုက်ပရပ်စ်သမ္မတနီကိုးစ် အနာစတာဆီယာဒက်က ပြောကြားသည်။

ပြန်ပေးသမားနှင့် ညှိနှိုင်းချက်အရ လေယာဉ်ဝန်ထမ်းများနှင့် နိုင်ငံခြားသားလေးဦးမှအပ ကျန်သူများကို လွှတ်ပေးရန်သဘောတူညီမှု ရရှိခဲ့သည်ဆို၏။

ပြန်ပေးဆွဲခံရသော လေယာဉ်မှာ အဲဘတ်စ်-၃၂၀ အမျိုးအစားလေယာဉ်ဖြစ်ပြီး ခရီးသည်တစ်ဦး၏ ခြိမ်းခြောက်မှုအရ ဆိုက်ပရပ်စ်သို့လမ်းကြောင်းပြောင်း ပျံသန်းခဲ့ရကြောင်း လေယာဉ်မှူးအိုမာအယ်လ်ဂမ်မားက ပြောကြားသည်။

ပြန်ပေးဆွဲသူမှာ ဆစ်အယ်လ်ဒင် မူစတာဖာဆိုသူဖြစ်ကြောင်း ဆိုက်ပရပ်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။ သို့ရာတွင် ၎င်းနှင့်အတူ ဖောက်ခွဲရေးပစ္စည်းပါရှိခြင်း ရှိမရှိ အတည်ပြုခြင်း မရှိပေ။

ပြန်ပေးဆွဲသူမှာ ဆိုက်ပရပ်စ်၌ နိုင်ငံရေးခိုလှုံခွင့်ရရှိရန် ရည်ရွယ်ပုံရကြောင်း ကနဦးသတင်းများအရ သိရသည်။ **ရိုက်တာ။**



## ဗီယက်နမ်သို့ တရားမဝင်တင်ပို့မည့် ရှားပါးလိပ်များ၊ စပါးအုံးမြွေများ ကမ္ဘောဒီးယားသစ်တောဌာန ဖမ်းမိ

**ဖနောင်ပင် မတ် ၂၉**

ကမ္ဘောဒီးယားသစ်တောဌာနသည် နိုင်ငံတောင်ပိုင်း ကန်ဒယ်လ်ပြည်နယ်အတွင်းပြုလုပ်ခဲ့သည့် ကုန်တင်ထရပ်ကားတစ်စီးပေါ် စီးနင်းရှာဖွေမှုအတွင်း မျိုးသုဉ်းပျောက်ကွယ်တော့မည့် လိပ် ၁၀၂ ကောင်နှင့် စပါးအုံးမြွေ၁၇ ကောင် ဖမ်းဆီးရမိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက မတ် ၂၉ ရက်တွင် ပြောကြားသည်။

သားရိုင်းတိရစ္ဆာန်များကို ဗီယက်နမ်နိုင်ငံသို့ တရားမဝင်တင်ပို့မည်ဟူသော သတင်းပေးချက်အရ သစ်တောဌာနမှတာဝန်ရှိသူများက တနင်္လာနေ့မွန်းလွဲပိုင်းက အမှတ် (၁) အမျိုးသားလမ်းမကြီးပေါ်၌ ထရပ်ကားတစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ကြသည်ဟု Kean Svay ခရိုင်သစ်တောဌာနအကြီးအကဲ ဝိုင်ဆိုဖီက ပြောကြားသည်။ အဆိုပါတိရစ္ဆာန်များကို ကမ္ဘောဒီးယားနိုင်ငံအနောက်မြောက်ပိုင်း ဘတ်တန်ဘမ်ပြည်နယ်မှ သယ်ဆောင်လာခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ဦးတည်နေကြောင်း၊ လိပ်များမှာ စုစုပေါင်း ၄၄၃ ကီလိုဂရမ် အလေးချိန်ရှိပြီး စပါးအုံးမြွေများမှာ အလေးချိန်စုစုပေါင်း ၁၂၇ ကီလိုဂရမ်ရှိကြောင်း ဆိုဖီကပြောကြားသည်။

တာဝန်ရှိသူများက ထရပ်ကားအတွင်းရှိ သားရိုင်းတိရစ္ဆာန်များကို ရှာဖွေနေချိန်တွင် ထရပ်ကား မောင်းနှင်ခဲ့သည့် သားရိုင်းတိရစ္ဆာန်မှောင်ခိုသမားတစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တောင်တန်းများ သို့မဟုတ် သစ်တောများအတွင်း နေထိုင်သည့် ရှည်မျောမျောလိပ်များမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သမဂ္ဂ၏ ခြိမ်းခြောက်ခံနေရသောမျိုးစိတ်များ အနီရောင်စာရင်းဝင် (IUCN Red List of Threatened Species) မျိုးသုဉ်းပျောက်ကွယ်တော့မည့် သားရိုင်းတိရစ္ဆာန်များဖြစ်သည်။ ဆိုဖီ၏အဆိုအရ သစ်တောဌာနက ဖမ်းဆီးရမိခဲ့သောသားရိုင်းတိရစ္ဆာန်များကို ဘေးမဲ့တောအတွင်း ပြန်လည်လွှတ်ပေးနိုင်ရန် WildAid အဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။ **ဆင်ဟွာ။**

## အိုင်အက်စ်တို့၏ အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်မှု ၂၅ ခုအား ဗြိတိန်ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ဟုဆို

**လန်ဒန် မတ် ၂၉**

ဗြိတိန်နိုင်ငံမှ အကြမ်းဖက်မှုတိုက်ဖျက်ရေးအေဂျင်စီများသည် နိုင်ငံအတွင်း လူအသေအပျောက်အများအပြားဖြစ်စေနိုင်သော အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှု ၂၅ ခုထက်မနည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း ဗြိတိန်သတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့များတွင် ဖြစ်ပွားခဲ့သော အစုအပြုံလိုက်သတ်ဖြတ်မှုမျိုး ဗြိတိန်တွင် ပြုလုပ်ရန် သဘောထားတင်းမာသော ဂျီဟတ်ဝါဒီ ၅၀ကျော်က စီစဉ်နေသည်ဟု သံသယရှိကြောင်း ဒေးလီးအိတ်စ်ပရက်သတင်းစာတွင်ဖော်ပြသည်။

ဗြိတိသျှအမ်အိုင်-၅ စုံထောက်အဖွဲ့နှင့် ဗြိတိန်အကြမ်းဖက်မှုနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က ဗြိတိန်နိုင်ငံ၏လမ်းမများပေါ်တွင် လူအသေအပျောက်အများအပြားရှိနိုင်သည်ဟု စိုးရိမ်ရဖွယ်ရှိသည့် အိုင်အက်စ်အဖွဲ့တို့၏အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ထားမှု ၂၅ ခုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဗြိတိန်လုံခြုံရေးတာဝန်ရှိသူများသည် ဗြိတိန်ဂျီဟတ်ဝါဒီ ၅၀ ကျော်အား တင်းကျပ်သော လုံခြုံရေးအစီအစဉ်ဖြင့် ၂၄ နာရီပတ်လုံး စောင့်ကြည့်နေကြောင်း၊ ၎င်းတို့သည် ဗြိတိန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ဖွယ်ရာရှိနိုင်၍ စိုးရိမ်မှုများရှိနေကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

## ဒူဘိုင်းမြို့ရှိ မိုးမျှော်တိုက် မီးလောင်မှုဖြစ်ပွား

**ဒူဘိုင်း မတ် ၂၉**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့ရှိ လူနေအထပ်မြင့် မိုးမျှော်တိုက်နှစ်လုံး မီးလောင်ကျွမ်းမှုအကြီးအကျယ်ဖြစ်ပွားခဲ့သည့်အတွက် အနည်းဆုံး လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဒူဘိုင်းမြို့ အက်ဂျ်မန်ရပ်ကွက်ရှိ မိုးမျှော်တိုက်တစ်လုံး တနင်္လာနေ့ညပိုင်းက မီးစတင်လောင်ခဲ့ပြီးနောက် အနီးရှိ နောက်ထပ်မိုးမျှော်တိုက်တစ်လုံးကိုပါ ကူးစက်လောင်ကျွမ်းသွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသွားသူများတွင် မီးခိုးငွေ့ကြောင့် အသက်ရှူကျပ်သည့် ဝေဒနာခံစားခဲ့ရသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးလည်း ပါဝင်သည်။



ယခုမီးလောင်ကျွမ်းမှုသည် ဒူဘိုင်းမြို့ရှိ အထပ်မြင့် မိုးမျှော်တိုက်များ မီးလောင်မှုများအနက် နောက်ဆုံးဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလတွင် ၈၆ ထပ်မြင့်သည့် မိုးမျှော်တိုက်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာလတွင်လည်း ၆၃ ထပ်မြင့် မိုးမျှော်တိုက်တစ်လုံး မီးလောင်ခဲ့ဖူးသည်။

ယခုမီးလောင်မှုနှင့် ပတ်သက်၍ ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိရသေးပေ။ သို့သော် ယခင်မီးလောင်မှုများနှင့် ပုံစံတူပြီး မီးတောက်များသည် နံရံများ တစ်လျှောက် လောင်ကျွမ်းကာ အမြင့်ဆုံးထပ်များထိ ကူးစက်ခဲ့သည်ဟု ဒေသခံ သတင်းမီဒီယာများက ရေးသားဖော်ပြကြသည်။

ယူအေအီးနိုင်ငံတွင် ဆောက်လုပ်သည့် မိုးမျှော်တိုက်များ၏ အပြင်ပန်း မျက်နှာစာများတွင် အသုံးပြုသည့် ပစ္စည်းများမှာ မီးလောင်လွယ်သည့်ပစ္စည်းများကို အများဆုံး အသုံးပြုထားသည်ဟု ပညာရှင်အချို့က သုံးသပ်ကြသည်။ **အင်န်အိတ်ချ်ကေ။**

## အိန္ဒိယနိုင်ငံက မေလအတွင်း ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တု ၂၂ လုံးလွှတ်တင်မည်

**နယူးဒေလီ မတ် ၂၉**

အိန္ဒိယနိုင်ငံသည် ယခုနှစ်မေလအတွင်းတွင် ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တု ၂၂ လုံးအထိ စံချိန်တင်လွှတ်တင်ရန် အစီအစဉ်ရှိကြောင်း၊ အိန္ဒိယနိုင်ငံတောင်ပိုင်း ဆရီဟာရီလိုတာ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်မည်ဖြစ်ကြောင်း အာကာသရေးရာထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံပိုင် အာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)က ဂြိုဟ်တု ၂၂ လုံးကို လွှတ်တင်မည်ဖြစ်သည်။ လွှတ်တင်မည့် ဂြိုဟ်တုများတွင် အိန္ဒိယနိုင်ငံမှ ကာတိုဆက် ၂-စီဂြိုဟ်တုနှင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ အင်ဒိုနီးရှားနှင့် ဂျာမနီနိုင်ငံတို့မှ မိုက္ခရိုနှင့်နာနိုဒိုဂြိုဟ်တုများပါဝင်သည်။ အိန္ဒိယနိုင်ငံလုပ် ဝင်ရိုးစွန်းအာကာသယာဉ်လွှတ်တင်ရေးဒုံးယာဉ် (ပီအက်အယ်လ်ဗီ)စီ-၃၄ အမျိုးအစားဖြင့် ဂြိုဟ်တုများကို လွှတ်တင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အစောပိုင်းကာလက ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တု ၁၀ လုံးကို အာကာသတွင်းသို့ လွှတ်တင်ခဲ့ဖူးသည်။ အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က လွန်ခဲ့သည့်သုံးနှစ်က ဂြိုဟ်တု ၂၉ လုံးအား ဒုံးယာဉ်တစ်စင်းတည်းဖြင့် လွှတ်တင်ကာ စံချိန်တင်ထားပြီး အိန္ဒိယနိုင်ငံမှ ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တု ၂၂ လုံး လွှတ်တင်မှုမှာ အမေရိကန်တို့၏ စံချိန်ကို ချိုးနိုင်စွမ်းမရှိသေးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့တော်နေပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် စီစဉ်ထား

**ရန်ကုန် မတ် ၂၉**

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့တော်နေပြည်သူများ ရေပြတ်လပ်မှု မရှိစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က မြို့နယ်အလိုက် နံနက်ပိုင်း၊ ညနေပိုင်း ရေပေးဝေမည့်အစီအစဉ် သတ်မှတ်ထားကြောင်း အသိပေးထုတ်ပြန်ထားသည်။

ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၃ ရက်(သင်္ကြန်အကျနေ့)၊ ဧပြီ ၁၄ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)တို့တွင် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်တို့အား နံနက် ၈ နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍လည်းကောင်း၊ အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တို့အား မူလရေပေးဝေချိန်အတိုင်း ရေပေးဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်နေ့)တွင် မြို့နယ်များအားလုံးသို့ ယခင်ပုံမှန် ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ချထားသည့် (ရေ/သန့်)ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီးအကူအညီ လိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဖုန်း (၀၉-၇၇၈၉၄၀၅၉၃၊ ၀၉-၇၇၈၉၄၀၅၉၄ နှင့် ၀၉-၇၇၈၉၄၀၅၉၅ )တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်ရေသန့်ဌာန)က သတင်းထုတ်ပြန်ထားသည်။

**(ကိုချစ်)**

# ညောင်ရွှေပြည်သူ့ဆေးရုံ၌ သန့်ရှင်းသောသောက်သုံးရေရရှိ

**ညောင်ရွှေ မတ် ၂၉**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအနှံ့အပြားရှိ ရေရှားပါးသောဒေသများနှင့် ရေတူးဖော်ရန် ခက်ခဲသောဒေသများတွင် အဝီစိစက်ရေတွင်းများ တူးဖော်လှူဒါန်းပေးခြင်း၊ ရေရှားပါးသည့် ဒေသအရောက် ရေဖြန့်ဝေသယ်ဆောင်လှူဒါန်းပေးခြင်းနှင့် ရေကန်များ၊ ဆည်များ ပြန်လည်ပြုပြင်ပေးခြင်း စသည့်ကဏ္ဍသုံးရပ်ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံ စက်ရေတွင်းမှ ယနေ့တွင် ၄၀၅ ပေအရောက်၌ ရေဂါလန် ခန့်မှန်း ၂၀၀၀ ခန့်ဖြင့် စက်ရေတွင်းတူးဖော်အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြည်သူ့ဆေးရုံကြီးသည် ညောင်ရွှေမြို့သာမက အနီးပတ်ဝန်းကျင်ဒေသများအတွက်ပါ အားထားရသော ပြည်သူ့ဆေးရုံတစ်ရုံဖြစ်ပြီး သုံးစွဲရန် ရေချိုအခက်အခဲရှိနေရာ ယခုကဲ့သို့ ရေချိုများ အောင်မြင်စွာထွက်ရှိလာသဖြင့် လူနာများသာမက ဆေးရုံဝန်ထမ်းများ၊ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိနေကြသည်။ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် စက်ရေတွင်းများတူးဖော်လှူဒါန်းမှုအတွက် ယနေ့အထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းကျော် အကုန်အကျခံကာ သုံးစွဲလှူဒါန်းခဲ့သဖြင့် ၂၀၁၅ ခုနှစ် မေ ၁၅ ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုအကျိုးပြုဆိုင်ရာ အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့အဖြစ် နိုင်ငံ့စွမ်းဆောင်ရည်ဆုကို လည်းကောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euro Money အဖွဲ့အစည်း၏ နိုင်ငံအသီးသီးမှ ၁၀ ဆုသာ ရွေးချယ်ပေးအပ်ချီးမြှင့်သော လူမှုရေးအကျိုးပြုလုပ်ငန်းဆိုင်ရာ Euro Money Achievement Award for Corporate Social Responsibility (CSR) ဆုတို့ကိုရရှိခဲ့ကြောင်း သိရသည်။

**(အောင်ထွန်း)**





# ဒေးဒရဲတွင် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဒေးဒရဲ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့တွင် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးလုပ်ငန်းများ တိုးတက်လာစေရန် နှစ်ရက်ကြာကျင်းပမည့် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက ဒေးဒရဲမြို့နယ် ညောင်တပင်ကျေးရွာ "ဓမ္မရောင်ခြည်" စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က ကျေးရွာစာကြည့်တိုက်များသို့ သုတ၊ ရသ ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်များကိုလည်းကောင်း အသီးသီးလှူဒါန်းပေးနိုင်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက "၂၁ ရာစု စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က" စာကြည့်တိုက်များအပေါ် ပြည်သူများ၏ ထင်မြင်ယူဆချက်အသစ်များဖြစ်ပေါ်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ (စာကြည့်တိုက်လက်ထောက်-၃) ဒေါ်သီတာမိုးက "စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေး၍ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးနှင့်ပတ်သက်သော ဆွေးနွေးပို့ချချက်များအပေါ် ဝန်ဆောင်မှုရလဒ်ကောင်းများ ရရှိလာစေရန် အဖွဲ့(၆)ဖွဲ့ခွဲကာ အဖွဲ့လိုက်အပြန်အလှန်တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် စာအုပ်များလက်တွေ့စာရင်းရေးသွင်းရာ ပထမဆုရရှိသည့် ညောင်တပင်ကျေးရွာ "ဓမ္မရောင်ခြည်" စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်မောင်အား ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

*

**ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုနယ်မြေ(ဝါးတစ်ရာ)ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်း/စက်ဌာန၊ ပြည်ပရောင်း/စက်ဌာန၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန စက်ရုံ၊ အလုပ်ရုံများနှင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ၏ စုပေါင်းမီးဘေးကာကွယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို မတ် ၂၉ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကျော် ဦးဆောင်ပြီး စက်ရုံမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြစဉ်။**

**(ဝင်းမင်း)**



# ဓမ္မာစရိယစာမေးပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၉**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၉ ရက် (ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာန၌ စာဖြေသံဃာတော်များနှင့် သီလရှင်များစာရင်းသွင်း ၁၃၉၆၈ ပါးအနက် ၉၈၈၉ ပါး ဖြေဆိုကြသဖြင့် ၇၀ ဒသမ ၈၀ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ရန်ကုန် မတ် ၂၉**

အင်းစိန်မြို့နယ်၏ကျက်သရေဆောင် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးနှင့် ဘုရားကြီး၏ ဂန္ဓကုဋိကျောင်းဆောင်အတွင်း သီတင်းသုံးစံပယ်တော်မူကြသည့် ဓာတ်တော်မွေတော်များကို ဘက်စုံမွမ်းမံတည်ဆောက်နိုင်ရန်အတွက် အဘက်ဘက်မှသဒ္ဓါတရားထက်သန်စွာဖြင့် နှစ်စဉ်မပြတ်လှူဒါန်းသော ဒါနစေတနာကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို မတ် ၂၆ ရက် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်၊ က/၃ လမ်းရှိ ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးပရဝဏ်၌ကျင်းပသည်။ လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် ဘုရားကြီးဂေါပကအဖွဲ့ဝင်များက ပေးအပ်ကြပြီး မြို့နယ်အတွင်းရှိ (၂၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။ ဘုရားကြီး ဘက်စုံမွမ်းမံတည်ဆောက်နိုင်ရန် ရပ်ကွက်အလှူရှင်များထံမှ လှူဒါန်းမှုရရှိငွေကျပ် ၅၉ သိန်းနီးပါး ရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြစိမ်းရောင်စီမံကိန်းဆောင်ရွက်

**ရန်ကုန် မတ် ၂၉**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၃ ရွာအနက် ပုဂံတောင်၊ ညောင်လေးပင်၊ ဖားကူးအရှေ့၊ ရုံးသပြေကန်ကျေးရွာတို့၏ မြစိမ်းရောင်ချေးငွေဖြင့် လုပ်ငန်းများ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေမှု၊ ကျေးရွာမြစိမ်းရောင်ကော်မတီ၏ စာရင်းဇယားများထားရှိမှုတို့ကို မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ကျဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# သန်လျင်မြို့နယ်အတွင်း ရေရရှိရေးကြိုတင်စီမံ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း ၂၀၁၆ ခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်သည့် မြို့နယ်အတွင်းရှိ ကုလားဝဲ၊ ကဒတ်ဖြာ၊ လဟာရက်၊ ဒေးဇတ်၊ ဥယျာဉ်ကျေးရွာများသို့ ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မတ် ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှု၍ ရေကန်၊ ရေစက်ရုံများ၌ သောက်သုံးရေ မပြတ်လပ်ရေး ကြိုတင်စီမံမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်လှစ်

**မင်းတုန်း မတ် ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့တွင် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်အား အကျယ်တဝင့်ဆွေးနွေးသည်။ အဆိုပါသင်တန်းတွင် သင်တန်းဆရာများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ရုံးစာရေးသားနည်း၊ အခွန်(၄)မျိုးကောက်ခံမှုဆိုင်ရာကိစ္စရပ်များ၊ ယစ်မျိုးဥပဒေ၊ နည်းဥပဒေများ၊ လုံခြုံရေး၊ လယ်ယာမြေစီမံခန့်ခွဲရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို မတ် ၂၄ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၉၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ထွန်း(မင်းတုန်း)**

# ဈေးကွက်စီးပွားရေးစနစ်နှင့် ပတ်သက်၍

စောနိုင်(အသုံးချဘောဂဗေဒ)

**စွမ်းဆောင်ရည်ရှိသောယန္တရားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**

လွန်ခဲ့သော ဆယ်စုနှစ်သုံးစုလောက်က ဆိုရှယ်လစ်စီးပွားရေးအမည်ခံထားသော ဗဟိုမှချုပ်ကိုင်သည့် စီးပွားရေးစနစ်ကြောင့် နိုင်ငံ့စီးပွားရေးချွတ်ခြုံကျခဲ့ပြီးနောက်တွင် မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း ဈေးကွက်(market)ဟူသော ဝေါဟာရသည် အလွန်အသုံးများ၊ ရေပန်းစားလာခဲ့သည်။ နိုင်ငံ၏ကျင့်သုံးသော စီးပွားရေးစနစ်နှင့်ပတ်သက်၍ ပြောဆိုရေးသားကြသည့်အခါတွင်လည်း Market Economy၊ Market Economic System၊ Market-oriented Economic System စသဖြင့် ဈေးကွက်ဝေါဟာရကို ထည့်သွင်းအသုံးပြုခေါ်ဝေါ်လာခဲ့ကြသည်။ မည်သို့ပင် ခေါ်ဝေါ်နေစေကာမူ ဈေးကွက်သဘောကို သက်ဝင်ယုံကြည်၊ ကျင့်သုံးနေသော စီးပွားရေးစနစ်ဆိုလျှင် ဈေးကွက်စီးပွားရေးစနစ်ဟုသာ ဆိုရမည်။

ဈေးကွက်စနစ်တွင် ဈေးကွက်အင်အားစုများဖြစ်သည့် ဝယ်လိုအားနှင့်ရောင်းလိုအား အင်အားနှစ်ရပ်သည် လွန်စွာအရေးကြီး၏။ ထိုအင်အားစုနှစ်ရပ်၏ အခြေအနေပေါ်မူတည်၍ ဈေးကွက်သည် လှုပ်ရှားပြောင်းလဲရသည်။ မည်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်၏ထိန်းချုပ်မှုမှမရှိဘဲ ဈေးကွက်အင်အားစုများ လွတ်လပ်စွာလှုပ်ရှားခွင့်ရသောကြောင့် လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ် (Free Market Economic System) ဟုလည်း ဆိုရမည်။ လွတ်လပ်သော လှုပ်ရှားဆောင်ရွက်မှုကို ပိုမိုသဘောကျနှစ်သက်လာကြသည့် ယနေ့ကမ္ဘာ့နိုင်ငံအများစုသည် ဈေးကွက်အခြေခံသော စီးပွားရေးစနစ်ကို ၎င်းတို့နိုင်ငံ၊ ၎င်းတို့လူ့အဖွဲ့အစည်းများ၏ အခြေအနေများနှင့်လိုက်လျောညီထွေစွာ ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးနေကြသည်။

ထိုသို့ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှုကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေမြင့် ဂုဏ်တင့်လာသော နိုင်ငံများ အများအပြား ပေါ်ထွက်လာခဲ့ပြီးဖြစ်သောကြောင့် ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း တိုးတက်ဖြစ်ထွန်းခဲ့မှု ရရှိခဲ့သည့်နိုင်ငံများ၏ အခြေအနေများကို စံနမူနာကောင်းများယူကာ ဈေးကွက်စနစ်လမ်းကြောင်းကို လျှောက်လှမ်းလာခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ကို စွမ်းဆောင်ရည်ရှိရှိကျင့်သုံးနိုင်မှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများရရှိနေသည်ဟု ဆိုရမည်။

**စံပေတံသုံးချောင်း**

နိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်းတို့ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်ပီပြင်မှု၊ ထိရောက်မှု၊ စွမ်းဆောင်ရည်ရှိမှုအခြေအနေများ အမှန်တကယ်ဖြစ်တည်နေခြင်း ရှိ/မရှိကိုအခြေခံစံပေတံသုံးချောင်းဖြင့် တိုင်းတာနိုင်သည်။ ထိုစံပေတံများမှာ စီးပွားရေးစနစ်အတွင်းရှိ လုပ်ငန်းများနယ်ပယ်စုံတွင် စွမ်းဆောင်ရည်မြင့်မားလာမှု၊ ဆွဲဆောင်မှုမက်လုံးများပြားလာမှုနှင့် လွတ်လပ်စွာလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နိုင်မှုတို့ဖြစ်သည်။ လုပ်ငန်းများနယ်ပယ်စုံ စွမ်းဆောင်ရည်မြင့်မားလာမှုဆိုသည်မှာ စီးပွားရေးအဆောက်အအုံအတွင်းရှိ လုပ်ငန်းများကြား အပြိုင်အဆိုင်လုပ်ကိုင်လာမှုများကြောင့် စီမံခန့်ခွဲမှုအပါအဝင် လုပ်ငန်းဆိုင်ရာ၊ ထုတ်လုပ်မှုဆိုင်ရာနှင့် ဈေးကွက်ရှာဖွေမှုဆိုင်ရာများတွင် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ပိုမိုမြင့်လာခြင်း၊ အရည်အသွေးမြင့်မား၍ ဈေးနှုန်းသက်သာသောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကိုထုတ်လုပ်လာနိုင်ခြင်းတို့ဖြစ်သည်။ ထိုအခြေအနေများသည် တီထွင်ကြံဆမှုများကိုလည်း ဖြစ်ထွန်းစေနိုင်သဖြင့် နည်းပညာတိုးတက်ဖြစ်ထွန်းမှုများကိုပါ တွန်းအားပေးသကဲ့သို့ရှိသည်။

ဆွဲဆောင်မှု မက်လုံးများပြားလာမှုဆိုသည်မှာ ထုတ်လုပ်ရောင်းချသူနှင့် ဝယ်ယူစားသုံးသူနှစ်ဦးနှစ်ဖက်စလုံးအတွက် ဆွဲဆောင်မှုများပြားလာစေခြင်းဖြစ်သည်။ ဈေးကွက်အတွင်းရှိ များပြားလှသောဝယ်ယူစားသုံးသူများက ထုတ်လုပ်ရောင်းချသူများကို ကုန်ပစ္စည်းအသစ်အဆန်းများ ထုတ်လုပ်ရန်ဆွဲဆောင်နေသကဲ့သို့ ဈေးကွက်အတွင်း




တီထွင်ကြံဆ ထုတ်လုပ်ထားသော များပြားလှသည့် ကုန်ပစ္စည်းအသစ်အဆန်းများကလည်း ဝယ်ယူစားသုံးသူများကိုဆွဲဆောင်လျက်ရှိသည့်အခြေအနေဖြစ်ပေါ်နေသည်။ ထို့ကြောင့် ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်သည် ထုတ်လုပ်သူများအတွက်လည်းကောင်း၊ စားသုံးသူများအတွက်လည်းကောင်း ဆွဲဆောင်မှုမက်လုံးများပြားစွာဖြစ်ထွန်းလာနိုင်ခြင်းဖြစ်သည်။ မက်လုံးများကြောင့်ပင် စားသုံးသူနှင့် ထုတ်လုပ်သူနှစ်ဖက်နှစ်အုပ်စုလုံး သိသာသော အကျိုးအမြတ်ဖြစ်ထွန်းမှုများရရှိလာသည်။

လွတ်လပ်စွာထုတ်လုပ်၊ ရောင်းချ၊ ဝယ်ယူလှုပ်ရှားခွင့်ရှိခြင်းသည်လည်း ဈေးကွက်စနစ်ကို ပီပြင်စွာ ကျင့်သုံးမှုတွင် အလွန်အရေးပါသော အချက်တစ်ချက်ပင်ဖြစ်သည်။ လွတ်လပ်စွာ လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နိုင်မှသာ စီးပွားရေးအဆောက်အအုံအတွင်းရှိ ဈေးကွက်အင်အားစုနှစ်ဖက်စလုံးသည် ဈေးကွက်အခြေအနေပေါ်မူတည်၍ လှုပ်ရှားနိုင်စွမ်းရှိလာမည်ဖြစ်ပြီး ဈေးကွက်ယန္တရားသည် စွမ်းဆောင်ရည်ရှိစွာလည်ပတ်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ဈေးကွက်စနစ်ကိုကျင့်သုံးသော အစိုးရတို့သည် စီးပွားရေးအဆောက်အအုံအတွင်းရှိ စီးပွားရေးလုပ်ငန်း ကြီး၊ လတ်၊ ငယ်အားလုံး တရားမျှတမှုရှိသော ဝန်းကျင်တွင် လွတ်လပ်စွာ ထုတ်လုပ်ရောင်းဝယ် ဖောက်ကားနိုင်စွမ်းရှိရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရန်လိုအပ်သည်။ ထို့အတွက် တရားဥပဒေစိုးမိုးမှုရှိခြင်းသည် သေချာကျသောအကြောင်းတရားဖြစ်သည်ကို သဘောပေါက်ရန်လိုသည်။

ဈေးကွက်အင်အားစုများ လွတ်လပ်စွာလှုပ်ရှားခွင့်ရှိလေလေ၊ ဈေးကွက်စနစ်ပီပြင်လေလေဖြစ်သည်။ ဈေးကွက်အတွင်းရှိထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများစသဖြင့် ဈေးကွက်တွင်ပါဝင်သူများကို မည်သူတစ်ဦးတစ်ယောက်၊ မည်သည့် အဖွဲ့အစည်းကမှ လမ်းညွှန်ထိန်းကျောင်းပေးစရာမလိုပေ။ ဈေးကွက်အနေအထားမှုမမှန်ချိန်မှလွဲ၍ (အကြောင်းအမျိုးမျိုးကြောင့် ဈေးကွက် မတည်ငြိမ်မှုဖြစ်နေချိန်တွင် အချိန်ကာလအတိုင်းအတာတစ်ခု အစိုးရမှ ဝင်ရောက်ကူညီထိန်းကျောင်းပေးရန်လိုအပ်ချိန်) အုပ်ချုပ်သူအစိုးရများအနေဖြင့် ဈေးကွက်ယန္တရားလည်ပတ်မှုကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်။ ဈေးကွက်ယန္တရားလည်ပတ်မှု လွယ်ကူချောမွေ့စေရေးအတွက်သာ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးသင့်ပေသည်။

**အစိုးရနှင့် မကင်းနိုင်သောဈေးကွက်**

ဈေးကွက်စနစ်ထဲတွင် စီးပွားရေးလုပ်ဆောင်ချက်များသည်လည်း ဈေးကွက်အင်အားစုနှစ်ရပ်ကပြဋ္ဌာန်းပေးသည်။ ဈေးနှုန်းကအချက်ပြသည့်ပေါ်မူတည်၍သာ ပြောင်းလဲဖြစ်ပေါ်နေမည်ဖြစ်သည်။ ဈေးကွက်အတွင်းရှိ ရောင်းလိုအားနှင့်ဝယ်လိုအား အင်အားစုနှစ်ခုတို့၏ လှုပ်ရှားသည့် သဘောအတိုင်းသာဖြစ်နေမည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် လွတ်လပ်စွာလည်ပတ်မှုကို အခြေခံသောဈေးကွက်စီးပွားရေးသည် နိုင်ငံကိုအုပ်ချုပ်ရသည့်

**လွတ်လပ်စွာထုတ်လုပ်၊ ရောင်းချ၊ ဝယ်ယူလှုပ်ရှားခွင့်ရှိခြင်းသည်လည်း ဈေးကွက်စနစ်ကို ပီပြင်စွာ ကျင့်သုံးမှုတွင် အလွန်အရေးပါသော အချက်တစ်ချက်ပင်ဖြစ်သည်။ လွတ်လပ်စွာ လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နိုင်မှသာ စီးပွားရေးအဆောက်အအုံအတွင်းရှိ ဈေးကွက်အင်အားစု နှစ်ဖက်စလုံးသည် ဈေးကွက်အခြေအနေပေါ်မူတည်၍ လှုပ်ရှားနိုင်စွမ်းရှိလာမည်ဖြစ်ပြီး ဈေးကွက်ယန္တရားသည် စွမ်းဆောင်ရည်ရှိစွာ လည်ပတ်နိုင်မည်ဖြစ်ပေသည်။**

အစိုးရနှင့် မကင်းနိုင်ချေ။ ဈေးကွက် စီးပွားရေးအလေ့အကျင့်များကို ထိထိရောက်ရောက်၊ ပီပီပြင်ပြင် ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေ၊ စီးပွားရေးအဆောက်အအုံထဲရှိ ကဏ္ဍအလိုက်အခြေအနေများပေါ်မူတည်၍ အစိုးရများက လိုအပ်သော အခြေခံအဆောက်အအုံများ၊ အင်စတီကျူးရှင်းများ ဖြည့်ဆည်းဆောင်ရွက်ပေးကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသေးသော နိုင်ငံများအနေဖြင့် စီးပွားရေးအဆောက်အအုံအတွင်းရှိ ကဏ္ဍအလိုက် အခြေအနေများအရ သတိထားကျင့်သုံးသင့်သည်ဟုဆိုကြသည်။ ယနေ့ ကမ္ဘာပေါ်တွင် လုံးဝလွတ်လပ်သောဈေးကွက် စီးပွားရေးစနစ်မျိုးကို ကျင့်သုံးသည့် နိုင်ငံဟူ၍ မရှိပေ။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေသည့်တိုင် အများပြည်သူနှင့် သက်ဆိုင်သည့် ပြည်သူ့ရေးရာဝန်ဆောင်မှုနယ်ပယ်များ၌ အပြိုင်အဆိုင်ဈေးကွက်များ (Competitive Market)ကို လှုပ်ရှားခွင့်မပေးဘဲ အစိုးရကသာ ထိန်းကျောင်းလည်ပတ်သည့် မိုနိုပိုလီဈေးကွက် (Monopoly Market) အဖြစ် ကျင့်သုံးဆောင်ရွက်ရသည်များလည်းရှိသေးသည်။ စစ်ဘေး၊ သဘာဝဘေးအန္တရာယ်ဘေးတို့ကြောင့် ယခင်ကာလများကထက် မသေချာမရေရာမှုများလာသည့် ယနေ့အချိန်အခါတွင် နိုင်ငံတစ်နိုင်ငံကိုတာဝန်ယူအုပ်ချုပ်နေရသည့် အစိုးရအနေဖြင့် ဈေးကွက်ကိုလွတ်လပ်စွာလှုပ်ရှားခွင့် အပြည့်အဝပေးရန်လိုသကဲ့သို့ တစ်ချိန်တည်းမှာပင် ဈေးကွက်ယန္တရားလည်ပတ်လှုပ်ရှားမှုကို ဟန်ချက်ပျက်စေနိုင်သော အခြေအနေများကို စောင့်ကြည့်လေ့လာနေရန်လည်းလိုသည်။ လိုအပ်ပါက ဝင်ရောက်ထိန်းကျောင်းပေးရန်တာဝန်ရှိလာသည်။ ထိုသို့သောအခြေအနေမျိုးမှလွဲ၍ဈေးကွက်အတွင်းရည်ရွယ်ချက်ရှိရှိဖြင့် ဝင်ရောက်စွက်ဖက်မှုမပြုလုပ်သင့်ပေ။ ထိုသို့ပြုမူခဲ့သည်ရှိသော် ဈေးကွက်အင်အားစုများဖြစ်သည့် ထုတ်လုပ်သူများနှင့် ဝယ်ယူစားသုံးသူများ နှစ်ဖက်စလုံး ဈေးကွက်စနစ်အသုံးပြုခြင်း၏ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုမိုခံစားကြရပေလိမ့်မည်။ ။

# မြို့တွင်းလမ်းများတွင် ယာဉ်အရှိန်လျှော့ချမောင်းနှင်ပါက ယာဉ်တိုက်မှုများလျှော့နည်းနိုင်

**ရေတာရှည် မတ် ၂၉**

ကုန်စည်စီးဆင်းမှု မြင့်မားတိုးတက်လာသည်နှင့်အမျှ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ယာဉ်အသွားအလာများပြားကာ မြို့တွင်းလမ်းများတွင် အရှိန်မြင့် မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှုများပြားလာသည်ကိုတွေ့ရှိနေရသည်။ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ကုန်တင်ယာဉ်အမျိုးအစားလိုက် (၂၂)ဘီးထွေလာ၊ (၁၈)ဘီးကုန်တင်ယာဉ်၊ (၁၂)ဘီးကုန်တင်ယာဉ်၊ ခြောက်ဘီးကုန်တင်ယာဉ်များကို အသုံးပြုလျက်ရှိပြီး ယာဉ်မတော်တဆမှုများတွင်(၂၂)ဘီးထွေလာကုန်တင်ယာဉ်များမှာ အများဆုံးဖြစ်ပွားလျက်ရှိကြောင်း ရဲစခန်းများ၏



မှုခင်းမှတ်တမ်းများအရ သိရသည်။ တောင်ငူခရိုင်မြို့နယ် ခြောက်မြို့နယ်တွင် ဇန်နဝါရီလမှ မတ်လအထိ ယာဉ်တိုက်မှုပေါင်း ၁၁၅ မှု ဖြစ်ပွားခဲ့ပြီး အများဆုံးမှာ ထွေလာကုန်တင်ယာဉ်ကြီးများကြောင့်ဖြစ်သည်။ ယာဉ်မောင်းများငယ်ရွယ်လွန်းခြင်း၊ အရက်သေစာသောက်စား မောင်းနှင်ခြင်းအပြင် စိတ်ဆန္ဒစောခြင်းများကြောင့်လည်း ဖြစ်ပွားရခြင်းဖြစ်ကြောင်း ယာဉ်မှုစစ်တစ်ဦးက ပြောကြားသည်။

နွေကာလ ပူပြင်းလွန်းသည့်အချိန်များတွင် အပူရှိန်ကြောင့် ဝါယာရှော့ခ်ဖြစ်ပွားနိုင်ခြင်းနှင့် တာယာများပွင့်ထွက်ခြင်းမှကာကွယ်နိုင်ရန် နံနက်ပိုင်းအစော၊ ညပိုင်းများတွင် ယာဉ်အများအပြားသွားလာသည့်အတွက် ကားလမ်း၏ အကျယ်အဝန်းနှင့် ယာဉ်စီးရေမမျှတခြင်းကြောင့်လည်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်း၏ အဓိကအချက်ဖြစ်ကြောင်း ၎င်းက ပင်ဆက်၍ ပြောသည်။

**ကိုလွင်(ဆွာ)**

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်/ ဓားလက်နက်များ ဝှက်သိမ်း ကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသောအစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ/မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပ



ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။



ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

**နေပြည်တော် မတ် ၂၉**

### ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်နိုင်ရေး အမည်စာရင်းတင်ပြ

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက ပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခန့်အပ်နိုင်ရန် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခက်အောင်အား အမည်စာရင်းတင်သွင်းသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဥ္စမနေ့)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အဆိုပြုပေးပို့ထားသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ မန်းဂျော်နီအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကြောင်း ကြေညာသည်။

### လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဖွဲ့စည်း

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် အမည်စာရင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအဖွဲ့ဝင်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းထားခြင်းမရှိသောကြောင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

### တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ ပွင့်ဖြူမဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအောင်မိုးညိုအား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် လွှတ်တော်က သဘောတူဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

### တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်ရန်အတည်ပြု

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုထားသည့် ရွှေဘိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ကြေညာသည်။

### ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘားအံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းခင်ထွေးမြင့်အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ကန့်ကွက်သူမရှိဘဲ အတည်ပြုခန့်အပ်လိုက်သည်။

### ပြည်နယ်ဝန်ကြီးချုပ်အမည်စာရင်းအား အတည်ပြု

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းလျန်လွှယ်၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာခဲ့သည်။

### တိုင်းဒေသကြီးလွှတ်တော်ကော်မတီနှစ်ရပ်ဖွဲ့စည်း

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဥက္ကဋ္ဌ ဦးတင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ် အမှတ်-၂)ပါဝင်သော ကော်မတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း(ပုဇွန်တောင်မဲဆန္ဒနယ်အမှတ်-၁)ပါဝင်သော ကော်မတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည်။

### တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်အား လွှတ်တော်မှ သဘောတူကြောင်းနှင့် စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကော်မတီတို့ကို ဖွဲ့စည်းကြောင်း ကြေညာသည်။

### ပြည်နယ်လွှတ်တော်ဆိုင်ရာ ကော်မတီနှစ်ရပ်ဖွဲ့စည်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတို့၏ လျာထားချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များ မရှိသောကြောင့် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုပါကော်မတီနှစ်ရပ်ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ အတည်ပြုကြောင်းကြေညာခဲ့သည်။

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးထင်ကျော်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် အဆိုပြုထားဆဲနှင့် အတည်ပြုခဲ့သော ဝန်ကြီးချုပ်များ၏ အမည်စာရင်း

| စဉ် | တိုင်းဒေသကြီးနှင့်ပြည်နယ် | အမည် | မဲဆန္ဒနယ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဒေါက်တာခက်အောင် | မြစ်ကြီးနား(၁) | ဝန်ကြီးချုပ် | အဆိုပြုထားဆဲ |
| ၂။ | ကယားပြည်နယ် | ဦးအယ်လ်ဖောင်းရှို | မယ်စဲ့(၂) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၃။ | ကရင်ပြည်နယ် | နန်းခင်ထွေးမြင့် | ဘားအံ(၁) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၄။ | ချင်းပြည်နယ် | ဆလိုင်းလျန်လွှယ် | ဖလမ်း(၂) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ဒေါက်တာမြင့်နိုင် | ရွှေဘို(၂) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ဒေါက်တာလဲ့လဲ့မော် | သရက်ချောင်း(၁) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ဦးဝင်းသိန်း | ရေတာရှည်(၂) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၈။ | မကွေးတိုင်းဒေသကြီး | ဒေါက်တာအောင်မိုးညို | ပွင့်ဖြူ(၁) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ဒေါက်တာဇော်မြင့်မောင် | အမရပူရ(၁) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၁၀။ | မွန်ပြည်နယ် | ဦးမင်းမင်းဦး | ဘီးလင်း(၂) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၁၁။ | ရခိုင်ပြည်နယ် | ဦးညီပု | ဂွ(၂) | ဝန်ကြီးချုပ် | အဆိုပြုထားဆဲ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ဦးဖြိုးမင်းသိန်း | လှည်းကူး(၂) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၁၃။ | ရှမ်းပြည်နယ် | ဒေါက်တာလင်းထွဋ် | လားရှိုး(၁) | ဝန်ကြီးချုပ် | အတည်ပြုပြီး |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | မန်းဂျော်နီ | ကျုံပျော်(၂) | ဝန်ကြီးချုပ် | အတည်ပြုပြီး |

# အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေညီလာခံကျင်းပ




**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (International Coordinating Committee of National Institutions for the Promotion and Protection of Human Rights-ICC) ၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့သည် ဂျီနီဗာမြို့၌ရှိစဉ် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးအဖွဲ့က ကျင်းပသည့် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးလမ်းညွှန်ဥပဒေစာအုပ် ထုတ်ဝေဖြန့်ချိပွဲသို့ တက်ရောက်၍ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ လည်းကောင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာညှိနှိုင်းရေးကော်မတီကို ကုလသမဂ္ဂက ကမကထပြု၍ နိုင်ငံအသီးသီးရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားပြီး လက်ရှိအချိန်တွင် အဖွဲ့အစည်းပေါင်း ၁၁၁ ဖွဲ့ရှိသည့်အနက် နိုင်ငံတကာညှိနှိုင်းရေးကော်မတီက "အေ"အဆင့် အဖွဲ့အစည်းပေါင်း ၇၂ ဖွဲ့၊ "ဘီ" အဆင့် အဖွဲ့အစည်းပေါင်း ၂၉ ဖွဲ့နှင့် "စီ" အဆင့် အဖွဲ့အစည်းပေါင်း ၁၀ ဖွဲ့ သတ်မှတ်၍ အသိအမှတ်ပြုထားသည်။ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ပါရီအခြေခံမူများနှင့်ကိုက်ညီမှု "စံ" သတ်မှတ်ရာတွင် အပြည့်အဝကိုက်ညီမှုရှိပါက "အေ" အဖြစ်လည်းကောင်း၊ ကိုက်ညီမှုရှိသော်လည်း အပြည့်အဝကိုက်ညီစေရေး ဆက်လက်ဆောင်ရွက်ရန်ရှိပါက "ဘီ" အဖြစ်လည်းကောင်း၊ ကိုက်ညီမှု မရှိပါက "စီ" အဖြစ်လည်းကောင်း သတ်မှတ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတကာညှိနှိုင်းရေးကော်မတီက "ဘီ"အဆင့် သတ်မှတ်၍ အသိအမှတ်ပြုခဲ့ပြီး အဆင့်သတ်မှတ်ရေးဆပ်ကော်မတီ၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခြင်းကို ကြိုဆိုပါကြောင်း၊ ကော်မရှင်အနေဖြင့် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိသော်ငြားလည်း လူ့အခွင့်အရေးမြှင့်တင်ရေးကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ချီးကျူးပါကြောင်း၊ အထူးသဖြင့် လူ့အခွင့်အရေးကို လက်တွေ့ကျင့်သုံးရန်အတွက် အဓိကကျသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ပညာပေးရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုအတွက် ချီးကျူးပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

(၂၉)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေညီလာခံတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (ICC) ကို အနှစ်သာရ ပိုမိုပြည့်စုံစေရန်အတွက် "အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး" (Global Alliance of National Human Rights Institutions – GANHRI) အဖြစ် အမည်ပြောင်းလဲသတ်မှတ်သည်။

**(သတင်းစဉ်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြတိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြတိုက်ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဆာဖာရီဥယျာဉ်ဝင်းအတွင်း၌ မတ် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်အားပေးပြီး ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင်တို့နှင့်အတူ ပြတိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့မှ အရာရှိကြီးများ၊ အရာထမ်းများ တက်ရောက်ကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြတိုက်တွင် ပြခန်းဆောင် သုံးဆောင်ပါဝင်ပြီး အဆောင်(A)တွင် သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ခေတ်အဆက်ဆက် သစ်တောစီမံအုပ်ချုပ်မှုမှတ်တမ်းများ၊ သမိုင်းဝင်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းနမူနာပြကွက်များ၊ အဆောင်(B)တွင် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပြကွက်များအပြင် မြေတိုင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ ပြကွက်များ၊ အဆောင်(C)တွင် မြန်မာ့သစ်လုပ်ငန်းနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့၏ ပြကွက်များ ပြသထားရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြတိုက်အား နေပြည်တော် ဆာဖာရီဥယျာဉ်ဝင်းအတွင်း၌ ယနေ့မှ စတင်ဖွင့်လှစ်ကာ တနင်္လာနေ့မှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း စက်သုံးဆီနှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားရှိ

**နေပြည်တော် မတ် ၂၉**

သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလ ဧပြီ ၉ ရက်မှ ၂၀ ရက်အတွင်း အများပြည်သူများ အဆင်ပြေစေရန် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရေနံဓာတ်ငွေ့အရောင်းဆိုင်များနှင့် စက်သုံးဆီအရောင်းဆိုင်များအား ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ ပို့ဆောင်ရေးလုပ်ငန်းသုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG) များအား ပိတ်ရက်မရှိ ပုံမှန်အတိုင်းဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

**စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG) များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ရေနံဓာတ်ငွေ့အရောင်းဆိုင်များ သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ဖွင့်လှစ်ရောင်းချမည့်နေ့ရက်များ**

| စဉ် | စက်သုံးဆီအရောင်းဆိုင် | ဖွင့်လှစ်ရောင်းချမည့်ရက် |
|---|---|---|
| ၁။ | ရေနံဓာတ်ငွေ့အရောင်းဆိုင်များ (ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး) | ဧပြီ ၁၂၊ ၁၄၊ ၁၆၊ ၁၈ နှင့် ၂၀ ရက် |
| ၂။ | စက်သုံးဆီအရောင်းဆိုင်များ (၀၃၅၄)နေပြည်တော် | ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉ နှင့် ၂၀ ရက်မှစ၍ ပုံမှန်ဆက်ဖွင့်သွားရန်။ |
| ၃။ | စက်သုံးဆီအရောင်းဆိုင်များ (၀၂၄၇) ရန်ကုန်၊ (၀၂၅၄) ရန်ကုန်၊ (၀၂၇၅)ရန်ကုန် | ဧပြီ ၁၂၊ ၁၄၊ ၁၆၊ ၁၈ နှင့် ၂၀ ရက်မှစ၍ ပုံမှန်ဆက်ဖွင့်သွားရန် |
| ၄။ | စက်သုံးဆီအရောင်းဆိုင်များ (၀၆၁၁)မန္တလေး၊ (၀၆၁၄) မန္တလေး | ဧပြီ ၁၁၊ ၁၈၊ ၁၉ နှင့် ၂၀ ရက်မှစ၍ ပုံမှန်ဆက်ဖွင့်သွားရန်။ |

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၂၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို M.V POLARCUS ASIMA (Call Sign : C6XK6)ဖြင့် ဧပြီ ၂၂ရက်မှ မေ ၂၃ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

2D Seismic Survey ဆောင်ရွက်မည့် ဧရိယာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်သည်-

| Point | Latitude | Longitude |
|---|---|---|
| B1 | 13· 40'37.86"N | 95· 51'00.00"E |
| B2 | 13· 40'37.86"N | 96· 10'24.97"E |
| B3 | 13· 30'22.17"N | 96· 10'24.97"E |
| B4 | 13· 30'22.17"N | 96·15'59.14"E |
| B5 | 13· 00'00.00"N | 96·15'59.14"E |
| B6 | 13· 00'00.00"N | 95· 38'00.00"E |
| B7 | 13· 20'00.00"N | 95· 23'33.00"E |
| B8 | 13· 20'00.00"N | 95· 51'00.00"E |

သို့ဖြစ်ပါ၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို M.V. POLARCUS ASIMA ဖြင့် ဧပြီ ၂၂ ရက်မှ မေ ၂၃ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်မည့် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(ကြေးမုံ)**

**❖ တီးတိန်မှ**

ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀ဖြင့် PCT ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သော အရှည်ပေ ၂၁၀၊ အကျယ် ၁၀ ပေ(ခံနိုင်ဝန် ယာဉ် ငါးတန်၊ ကုန် ငါးတန်)ရှိ ခိုင်ကမ်း-မွာလ်ဇန်-ဟွဲချောင်းကားကူးကြိုးတံတားဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ နံနက် ၁၀ နာရီတွင် အလားတူ (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ခွင့်ပြုရန်ပုံငွေကျပ် ၇၅ သန်းဖြင့် Chin Hill Sun ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သော ခိုင်ကမ်း-ပိန်းပိကြား-နမ်ထား ကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်ပြီး တာဝန်ရှိသူများက အသီးသီးဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ဇိုဟေဆာ)**

# မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများက ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

**နေပြည်တော် မတ် ၂၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီးအဖွဲ့၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် လက်ထောက်ဆရာဝန်များ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များ လိုက်ပါလျက် မတ် ၂၉ ရက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာသို့ သွားရောက်ကာ ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်သည်။

ပထမဦးစွာ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန် ဒေါက်တာအိအိမောင်က "ကူးစက်မြန်ပြင်းထန် ဦးနှောက်အမြေးရောင်ရောဂါ သိကောင်းစရာများအကြောင်း" အသိပေးပြောကြားသည်။ ထို့နောက် အဘိုးအဘွားများအား အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများကိုလည်းကောင်း လှူဒါန်းသည်။

ဆက်လက်၍ မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်နှင့်အဖွဲ့က "ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့်မွေးဖွားရန်" အကြောင်းကိုလည်းကောင်း၊ ကျေးရွာအတွင်းရှိ လူငယ်များကို လက်ထောက်ဆရာဝန်များက ပျိုရွယ်သူကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူး ဒေါ်နွယ်နီဝင်းက လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းအသိပညာပေးဟောပြောသည်။ ကုသရေးတွင် ကိုယ်ဝန်ဆောင် ရှစ်ဦး၊ သက်ကြီးဘိုးဘွား ၄၃ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၃ ဦးနှင့်



အထွေထွေလူနာ ၁၀၅ ဦး စုစုပေါင်း ၁၈၉ ဦးတို့ကို ကြည့်ရှုစစ်ဆေးကုသပေးခဲ့ပြီး ညွှန်းပို့ရန် လိုအပ်သော လူနာများကို နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများကို လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# အကယ်ဒမီမှာ သူတို့ရင်ခုန်ကြလေပြီ၊ အကယ်ဒမီဆုပေးပွဲကြီး ကျင်းပရန် ငါးရက်သာလိုတော့သည်

တွေ့ဆုံမေးမြန်း
ခင်ဇာလီ
ဓာတ်ပုံ - မီချိုကိုဟန်

**၂၀၁၄၊ ၂၀၁၅ ခုနှစ် နှစ်နှစ်ပေါင်းပေးမယ့် ဆုပေးပွဲကြီးမှာ ပရိသတ်များ၏ တစ်ကြိုပေးခြင်းခံရသည့် အနုပညာရှင်များစွာထဲမှ တချို့နှင့်တွေ့ဆုံခိုက် သူတို့၏ရင်ခုန်သံစကားများကို ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပါသည်။**



အကယ်ဒမီလူမင်း



အကယ်ဒမီရန်အောင်



အကယ်ဒမီ ပြေတီဦး



အကယ်ဒမီ ဒါရိုက်တာဝိုင်း



အကယ်ဒမီ အိန္ဒြာကျော်ဇင်

**အကယ်ဒမီလူမင်း**
**(မြန်မာနိုင်ငံ**
**ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)**

ဒီနှစ်မှာတော့ ကိုယ့်အနုပညာ၊ ကိုယ့်အတွက်၊ အနုပညာရှင်တစ်ယောက်အနေနဲ့ အကယ်ဒမီဆုကို ရင်ခုန်ဖို့ထက် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီအကယ်ဒမီပေးပွဲ စီစဉ်ဖို့ကိုပဲ အစ်ကို့ခေါင်းထဲမှာ အာရုံများနေပါတယ်။ အစ်ကို့အတွက်ဆိုတာ ဒုတိယနေရာမှာပဲရှိတာပါ။ ဒါပေမယ့် အနှစ် ၂၀ ကျော်အောင် အနုပညာကို တကယ့်ရင်ထဲက နှလုံးသားထဲက ချစ်လို့၊ မြတ်နိုးလို့ လုပ်နေတဲ့ အနုပညာရှင်တစ်ယောက်အနေနဲ့ ကိုယ့်အနုပညာကို အသိအမှတ်ပြုခံရတဲ့ အကယ်ဒမီဆိုတာကို တကယ်ကို လိုချင်ပါတယ်။ ပြောရမယ်ဆိုရင် လူပြောများ၊ ထင်ကြေးပေးခံရပြီး လွဲခဲ့တဲ့နှစ်တွေလည်းများပြီ။ အစ်ကို နောက်ဆုံးအကယ်ဒမီရခဲ့တာ ၂၀၀၅ ခုနှစ်ဆိုတော့ အစ်ကိုမရခဲ့တာ ၁၁ နှစ်ရှိပြီဆိုတော့လည်း လိုချင်မှုက တကယ်ကို အရိုးဆုံးဝန်ခံရရင်ရှိပါတယ်။ ရခဲ့မယ်ဆိုရင်တော့ ဝမ်းသာပါတယ်။ အစ်ကိုတို့က အနုပညာရှင်မို့လို့သာ အကယ်ဒမီပေးချိန်တန်ရင် အကယ်ဒမီလိုချင်တာပါ။ ဒါပေမယ့် အစ်ကိုတို့ သရုပ်ဆောင်မယ့်ဇာတ်ကားတစ်ကားကို ရွေးချယ်တယ်ဆိုရင် ဒီဇာတ်ကောင်စရိုက်ပေါ်နဲ့ ပရိသတ်အတွက်ပဲ စေတနာထားပြီး အစ်ကိုတို့ သရုပ်ဆောင်ခဲ့ကြတာချည်းပါပဲလေ။ အဲလိုကိုယ့်ရဲ့သရုပ်ဆောင်မှုကို အသိအမှတ်ပြုပြီးတော့ ဒီလိုအကယ်ဒမီ ထင်ကြေးပေးခံရတယ်ဆိုတာလည်း အနုပညာရှင်တိုင်းပါပဲ။ အစ်ကိုမှ မဟုတ်ပါဘူး။ ပရိသတ်ရဲ့ အားပေးသံကြားတာနဲ့တင် အားလုံးက ပျော်နေကြပါပြီ။

အကယ်ဒမီပွဲအတွက်က ကျန်တဲ့ရက်ပိုင်းအတွင်းမှာ တော်တော်လုပ်ရမှာပါ။ စီစဉ်တာတွေကတော့ အားလုံးပြီးသွားပါပြီ။ လက်တွေ့စင်မြင့်ဆောက်တာတို့ အကတိုက်တဲ့သူတွေလည်း တိုက်နေကြပြီ။ သီချင်းလေ့ကျင့်တဲ့သူတွေကလည်း လေ့ကျင့်နေကြပြီ။ အကဲဖြတ်တဲ့လူကြီးတွေကလည်း အကဲဖြတ်ပြီးတော့ စိစစ်ရွေးချယ်မှုတွေ အတွက်လည်း ပြီးသွားပြီ။ ဒီတစ်ရက် နှစ်ရက်အတွင်းမှာလည်း ဖိတ်စာတွေကိုဝေတော့မယ်ဆိုတော့ ဒီရက်ပိုင်းအတွင်းမှာပဲ တစ်ဆင့်ပြီးတစ်ဆင့် အားလုံးပြီးသွားမှာပါ။ ဖိတ်စာကအစ ဖျော်ဖြေမှုတွေပါ အားလုံး မနှစ်ကနဲ့မတူအောင် ကွဲပြားအောင် စီစဉ်ထားပြီးပါပြီ။

**အကယ်ဒမီရန်အောင်**

အကယ်ဒမီနဲ့ပတ်သက်ပြီး အစ်ကိုက ရင်ခုန်ရမှာလား။ ခုန်တယ်။ (ရယ်လျက်) ဘယ်လိုပဲဖြစ်ဖြစ်လေ နှစ်နှစ်ပေါင်းပေးတယ် ဆိုတော့ အစ်ကိုတို့ကားလေးလည်း ပါတယ်လေ။ ပါတဲ့အခါကျတော့ အစ်ကိုတို့လည်း ရင်ခုန်ရပါတယ်။ အစ်ကိုမှမဟုတ်ပါဘူး။ ဒီနှစ်နှစ်စလုံးမှာပါတဲ့ အနုပညာရှင်တွေအားလုံး ရင်ခုန်ကြမှာပဲလေ။

**အကယ်ဒမီ ပြေတီဦး**

ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် မရဘူးလို့ပဲ စိတ်ထဲမှာ မှတ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရမယ်လို့ မျှော်လင့်ပြီးမှ မရဘူးဆို စိတ်ညစ်နေမှာစိုးလို့လေ။ အဲတော့ ကိုယ့်ကိုယ်ကိုယ် မရနိုင်ဘူးလို့ သတ်မှတ်ထားလိုက်တော့ စိတ်မညစ်ရတော့ဘူး။ ပရိသတ်တွေကရမယ်လို့ မျှော်လင့်ရင်တော့ မျှော်လင့်တဲ့အတိုင်း ဖြစ်ရင်တော့ ပိုကောင်းပါတယ်။

**အကယ်ဒမီ ဒါရိုက်တာဝိုင်း**

အစ်ကိုကတော့ ထူးထူးခြားခြား ရင်မခုန်ပါဘူး။ အစ်ကို့ထက်စာရင် အစ်ကို့ဇာတ်ကားမှာပါတဲ့ မရဖူးသေးတဲ့သူတွေ စက်မှုပိုင်းဆိုင်ရာက လူတွေကို ရစေချင်တယ်။ အစ်ကို့အမြင်အရ အစ်ကို့ကားမှာပါတဲ့သူတွေအားလုံး သူတို့မှာရှိတဲ့ ကိုယ်စွမ်းဉာဏ်စွမ်းဟူသမျှကို ကြိုးစားပြီးပြီလို့ ထင်ပါတယ်။ အားလုံးကိုလည်း ပရိသတ်က လက်ခံပေးပြီးသားပါ။ အစ်ကိုရမယ်လို့ ပရိသတ်က မှန်းထားတာကို ကျေးဇူးတင်တယ်။ သူတို့ရင်ထဲထိအောင် ရိုက်နိုင်တဲ့သူတစ်ယောက်မို့ ဒီလိုမှန်းပေးတယ်လို့လည်း အစ်ကိုယူဆပါတယ်။ ကျန်တာကတော့ ဆုရွေးချယ်ရေးအပိုင်းနဲ့ပဲ ဆိုင်မှာပါ။

**အကယ်ဒမီ အိန္ဒြာကျော်ဇင်**

အကယ်ဒမီပွဲမှာ အစ်မက ရတဲ့သူတွေကိုသွားအားပေးမှာပါ။ "မောင့်အိမ်သူ"ဇာတ်ကားနဲ့ အကယ်ဒမီပြေးနေတယ်ဆိုပေမယ့် နှစ်တိုင်း အိန္ဒြာကျော်ဇင်ကတော့ နာမည်ထွက်နေတာပဲလေ။ ပြီးတော့ ဟုတ်တာလည်း မဟုတ်ပါဘူး။ အစ်မကတော့ မမျှော်မှန်းထားပါဘူး။ ပရိသတ်ကတော့ ကိုယ့်ကိုချစ်တဲ့စိတ်နဲ့ ရစေချင်မှာပဲလေ။ ပရိသတ်ကြီးကိုလည်း ပြောထားပါတယ်။ အစ်မလိုပဲ စိတ်ကိုလျှော့ထားပါလို့။ တအားကြီး မမှန်းကြပါနဲ့လို့။ မတော်တဆရခဲ့ရင်တော့ အတိုင်းထက်အလွန်ပေါ့ရှင်။ ပရိသတ်ကြီးက ရစေချင်တဲ့စိတ်တွေနဲ့ ပြောကြတယ်။ မှန်းကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးစီးကျင်းပသည့် ၂၀၁၄၊ ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက်၌ ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ကျင်းပတော့မည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း ရုံတင်ပြသခွင့်ရပြီး အကယ်ဒမီဆုအတွက် မျှော်လင့်ရမည့် ဇာတ်ကား ၁၇ ကားမှာ ၃၉ ဗိုက်ပူ၊ မာကြီးရှည်၊ မာယာပရောဂျက်၊ အချစ်များနဲ့ဖန်ဆင်းမယ်၊ ခိုးခိုးခစ်ခစ်၊ မော်ဒန်ရာဇဝင်၊ အဆုံးမဲ့အချစ်၊ တိုက်ဆိုင်မှုရှိခဲ့လျှင်၊ နှလုံးသားဖြင့်ပြုလုပ်သည်၊ အောင်မြင်ကျော်ကြားစူးရှထက်မြက်၊ သက်တံသစ်၊ ကိုတင့်တို့ စူပါရပ်ကွက်၊ အွန်လိုင်းပေါ်က ဝိညာဉ်၊ လော်မင်္ဂလာ၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း၊ ရည်းစားဦးနှင့် အသက်ကိုအသက်ထက်ပိုချစ်သည်တို့ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ပြသခွင့်ရပြီး အကယ်ဒမီဆုအတွက် မျှော်လင့်နိုင်မည့် ဇာတ်ကား ၁၃ ကားမှာ မဟာဆန်တဲ့မာယာမျက်နှာဖုံး၊ အောင်ဘာလေ၊ ချစ်စံအိမ် ၂၀၂၈၊ လူကြီးမင်းခင်ဗျာ၊ ကျွန်မက နှင်းဆီပါမောင်၊ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား၊ ကျူးပစ်ရဲ့ ကျေးကျွန်များ၊ မောင့်အိမ်သူ၊ ကျွန်မရည်းစားဘုရားမှာနေသည်၊ မင်္ဂလာလှည်း၊ နက္ခတ်မှားတဲ့တိုက်ပွဲ၊ ဤအရာကိုအချစ်လို့ခေါ်သလားနှင့် ရောင်နီဦးရဲ့ အလင်းရောင်နှင့်အတူတို့ဖြစ်သည်။ ။

---

## ပြည်ကြီးတံခွန်မြို့နယ်၌ အားကစားပစ္စည်းအဝတ်အထည်ဆိုင်ဂိုဒေါင် မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၂၉**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် အကွက်အမှတ်(ယ/၁-၆၅) လမ်းသွယ်(၃×၄) လမ်းကြားရှိ OT (KK Power)အားကစားပစ္စည်းအဝတ်အထည်ဆိုင်ဂိုဒေါင်တွင် မတ် ၂၉ ရက် နံနက် ၉ နာရီ ၃၅ မိနစ်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်မီးသတ်ဌာနမှူးကြီးကြပ်၍ မီးငြှိမ်းသတ်ယာဉ်အစီး ၇၀၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ သန္နွေမီးသတ် ၅၅ ဦး၊ အရန်မီးသတ် ၁၅၀ တို့ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အားကစားအဝတ်အထည်ဂိုဒေါင် အာရ်စီတစ်ထပ်၊ အမြင့် ၂၅ ပေ၊ အကျယ်ပေ ၆၀×၈၀၊ ဂိုဒေါင်အတွင်းပိုင်းရှိ အဝတ်အထည်များမီးလောင်ခဲ့ပြီး ဂိုဒေါင်တာဝန်ခံ ဦးဆန်းထွန်းအောင်အား မြို့နယ်ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သန်းဇော်မင်း)**

## ပေ ၄၆၅၀ ရှည်လျားသည့် မော်လမြိုင်တိုးချဲ့ကမ်းနားလမ်းသစ်ဖွင့်

**မော်လမြိုင် မတ် ၂၉**

ညောင်လေးပင်ချောင်းဝမှ ကျောက်မီးသွေးရုံလမ်းအထိ ပေ ၄၆၅၀ ရှည်လျားပြီး လမ်းအကျယ် ပေ ၄၀နှင့် လူသွားလမ်းပလက်ဖောင်းအပါအဝင် လမ်းနယ်အကျယ် ၅၆ ပေရှိသည့် တိုးချဲ့ကမ်းနားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်မှစတင်ကာ မွန်ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မော်လမြိုင်တိုးချဲ့ကမ်းနားလမ်း အဆင့်(၆) စီမံကိန်းကို စုန်ရေဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးကာလ လေးလကျော်အတွင်း လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီလမ်းကို ပွင့်လင်းရာသီမှာ အပြီးဆောင်ရွက်မယ်လို့ ရည်မှန်းချက်ထားပြီး လုပ်ဆောင်ခဲ့ပါတယ်။ မွန်ပြည်နယ်အနေနဲ့ မေလဆန်းဆိုရင် မိုးကမသေချာဘူး။ မိုးကျတာနဲ့ လုပ်ထားသမျှတွေ ရေထဲပြန်ပါသွားမယ်။

ဒါကြောင့် ယန္တရားအစီး ၂၀၊ မြေသယ်ယာဉ်အစီး၃၀၊ လုပ်သားအင်အား ၇၀၀ အသုံးပြုပြီး သတ်မှတ်ကာလမတိုင်မီ ပြီးစီးအောင် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရပါတယ်။ ဒီစီမံကိန်းကို လုပ်ငန်းအဆင့်ကိုးဆင့် သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလမ်းမှာ ပေ ၄၀ တံတားနှစ်စင်းနဲ့ ပေ ၂၀ တံတားသုံးစင်းပါဝင်ပြီး တည်ဆောက်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကတော့ ရေတက်၊ ရေကျချိန်ကို စောင့်ပြီးလုပ်ရတာရယ်၊ ကမ်းနားလမ်းမှာနေထိုင်သူ ၁၃၀ ကို နစ်နာကြေးပေးဖို့ ညှိနှိုင်းရတာတွေတော့ ရှိခဲ့ပါတယ်"ဟု စုန်ရေဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးကျော်ကဆိုသည်။

ထို့အပြင် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီမှ စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရမည့် ရန်ပုံငွေနှင့် စီမံကိန်းအတွင်း ကုန်ကျစရိတ်အားလုံးကိုကျခံရကြောင်းနှင့် ယင်းအတွက် CB ဘဏ်ဥက္ကဋ္ဌက ကျပ်သိန်းပေါင်း တစ်သိန်းထုတ်ယူသုံးစွဲခွင့်ပြုခဲ့ကြောင်း ဦးမိုးကျော်က ပြောသည်။

အဆိုပါ တိုးချဲ့ကမ်းနားလမ်းသစ်ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ စည်ပင်ဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**မိုးဝေ(မြန်/ဆက်)**



## ကမ္ဘာလှည့်နိုင်ငံခြားသားများ သာစည်ဘူတာမှရထားဖြင့် ရှမ်းပြည်(တောင်ပိုင်း)သို့ သွားရောက်

**သာစည် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့သည် မီးရထားလမ်းဆုံရာမြို့ဖြစ်သောကြောင့် ရထားစီးခရီးသည် အဝင်၊အထွက်များသော မြို့ဖြစ်သည်။ အထူးသဖြင့် သာစည်မြို့သည် ရှမ်းပြည်(တောင်ပိုင်း)နှင့် ရထားလမ်းပိုင်းတွင်သာမက ကားလမ်းပါဆက်သွယ်ထားသဖြင့် ကမ္ဘာလှည့်နိုင်ငံခြားသားများ အများဆုံးခေတ္တဝင်ရောက်ရာ စခန်းမြို့လေးဖြစ်သည်။

အထူးသဖြင့် မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူ၊ ပုဂံညောင်ဦးမြို့တို့တွင် ရောက်ရှိနေကြသည့် ကမ္ဘာလှည့်နိုင်ငံခြားသားများသည် ရှမ်းပြည် (တောင်ပိုင်း)ကို ရထားစီး၍မြန်မာနိုင်ငံ၏ တောတောင်သဘာဝလှပမှုများကိုကြည့်ရှုလို၍လည်းကောင်း၊ အင်းလေးဒေသတွင် အင်းသားတို့၏ လူမှုစီးပွားရေးလုပ်ငန်းများနှင့် အင်းလေးကန်၏ ရှုခင်းလှပမှုများကို ခံစားတွေ့ရှိလိုကြ၍ မတ် ၂၈ ရက် နံနက်ပိုင်းတွင် သာစည်ဘူတာသို့ နိုင်ငံခြားသားများ ရောက်ရှိလာကြပြီး သာစည်ဘူတာမှ သာစည်-ရွှေညောင်၊ သာစည်-ရပ်စောက်စသည့်မီးရထားများဖြင့် ရှမ်းပြည်(တောင်ပိုင်း) သို့ သွားရောက်ကြသည်။ **(အပေါ်ပုံ)**

"ဒီနှစ်ပွင့်လင်းရာသီမှာ ရှမ်းပြည်(တောင်ပိုင်း)ကို ရထားစီးပြီးသွားကြတဲ့ ကမ္ဘာလှည့်နိုင်ငံခြားသားတွေများတယ်။ သူတို့က ရထားစီးရင်း တောတောင်သဘာဝအလှအပတွေကိုခံစားကြည့်ရှုလိုကြတယ်။ ကျွန်တော်တို့ဘူတာရုံလက်မှတ်အရောင်းဌာနအနေနဲ့ နိုင်ငံခြားသားခရီးသွားတွေစိတ်ချမ်းမြေ့စွာ ရထားစီးနိုင်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးနေပါတယ်"ဟု သာစည်ဘူတာရုံလက်မှတ်အရောင်းဌာနမှ လက်မှတ်ရောင်းချပ် တာဝန်ခံ ဦးသန်းထွန်းကပြောသည်။

**မောင်ကို(သာစည်)**

## အမှိုက်ကိုစနစ်တကျစွန့်ပစ်ရန်နှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုနိုင်ရန်အတွက် ကားတာယာအမှိုက်ပုံးများ ကျုံးဘေးတွင်ပြသ

**မန္တလေး မတ် ၂၉**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွင် နေ့စဉ်အသုံးပြုနေသော သဘာဝအရင်းအမြစ်များသာမက လူ့အသုံးအဆောင်ပစ္စည်းများကို လျှော့ချသုံးစွဲခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း(Reuse)နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်သုံးစွဲခြင်း(Recycle)များ ဆောင်ရွက်ရန် အဓိကလိုအပ်လျက်ရှိရာ မန္တလေးမြို့မှ ဒေသခံပြည်သူများ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုနိုင်ရန် (Recycle Performance)ပြသသည့် စွန့်ပစ်ကားတာယာများဖြင့် အလှဆင်ထားသော အမှိုက်ပုံးများကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် (၂၆) လမ်းနှင့် (၂၇) လမ်းကြား ကျုံးတောင်ဘက်ပလက်ဖောင်းတွင် ပြသခဲ့ရာ စိတ်ဝင်စားသူများပြားခဲ့သည်။

အဆိုပါ အမှိုက်ပုံးများကို မန္တလေးမြို့ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများက လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းအုပ်ဒေါက်တာသန်းထိုက်စိုး၏ စိတ်ကူးစိတ်သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် အခုလို စွန့်ပစ်ပစ္စည်းတွေနဲ့ အမှိုက်ပုံးပြုလုပ်တဲ့ Idea ကို အာဆီယံနိုင်ငံကျောင်းများ လေ့လာရေးခရီးစဉ်မှ ရရှိခဲ့ပါတယ်။ ကျောင်းမှာလည်း စွန့်ပစ်ပစ္စည်းတွေနဲ့ ဆောင်ရွက်ထားတဲ့ (Recycle Garden)ရှိပါတယ်။ အခုလောလောဆယ် ကျုံးပတ်လည်မှာ ကားတာယာနဲ့ ဖန်တီးထားတဲ့ အမှိုက်ပုံး ၁၇ ပုံး ချထားနိုင်ပြီဖြစ်ပါတယ်။

ဆက်လက်ပြီး ကျုံးပတ်လည်မှာ ချထားပေးဦးမှာဖြစ်ပါတယ်။ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများနဲ့ ရတနာပုံတက္ကသိုလ်ကို လှူဖို့ အစီအစဉ်ရှိပါတယ်။ အခုအစီအစဉ်က စီးပွားရေးမပါဘဲ ဒေသခံပြည်သူတွေရဲ့ စွန့်ပစ်ပစ္စည်းတွေနဲ့ လူ့အသုံးအဆောင်ပစ္စည်းများ ဖန်တီးနိုင်သည့် စိတ်ကူးစိတ်သန်းများ ရရှိရန်ရည်ရွယ်ပြီး အမှိုက်ကို စနစ်တကျစွန့်ပစ်နိုင်အောင် ပညာပေးဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ဒေါက်တာသန်းထိုက်စိုးက ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့မှ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာပါဝင် ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေ ပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့်နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး(သို့မဟုတ်) အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန်ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

## မိတ္ထီလာခရိုင်အတွင်း ကျေးရွာပေါင်း ၄၇၇ ရွာ၌ ကျေးလက်ဒေသအခြေခံအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မိတ္ထီလာ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း(မူလ၊မွမ်းမံ)ရန်ပုံငွေဖြင့် ခရိုင်အတွင်း တင်ဒါအောင်မြင်သော ကုမ္ပဏီ ၁၂ ခုတို့မှ ကျေးလက်လမ်းများ၊ တံတားများ၊ ရေပေးရေးလုပ်ငန်းများ၊ ကျန်းမာသန့်ရှင်းရေး၊ မီးလင်းရေးနှင့် ကျေးလက်အိမ်ရာလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ မတ်လ တတိယပတ်၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ငွေလုံးငွေရင်း(မူလ၊မွမ်းမံ) ရန်ပုံငွေ ခွင့်ပြုငွေကျပ် ၅၁၉၉ ဒသမ ၇၇ သန်းဖြင့် ခရိုင်အတွင်း တင်ဒါအောင်မြင်သော ကုမ္ပဏီ ၁၂ခုတို့မှ ကျေးလက်လမ်း၊တံတားလုပ်ငန်းများအား ကျေးရွာအုပ်စု ၈၉ အုပ်စု ကျေးရွာ ၃၁၇ ရွာ တို့တွင်လည်းကောင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းများအား ကျေးရွာအုပ်စု ၃၅ အုပ်စု ကျေးရွာ ၇၅ ရွာတွင် လည်းကောင်း၊ ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအား ကျေးရွာအုပ်စု ငါးအုပ်စု ကျေးရွာပေါင်း ၁၃ ရွာတို့တွင်လည်းကောင်း၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်အိမ်ရာလုပ်ငန်းများအား ကျေးရွာအုပ်စု ၁၇ အုပ်စု ကျေးရွာပေါင်း ၇၃ ရွာတို့တွင် လည်းကောင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ခရိုင်အတွင်းရှိ ကျေးရွာအုပ်စု ၁၅၇၊ ကျေးရွာ ၄၇၇ ရွာ၊ အိမ်ခြေ ၆၄၃၇၇ နှင့် လူဦးရေ ၃၃၆၂၇၂ ဦးတို့၏ ဖွံ့ဖြိုးမှုကို အကျိုးပြုစေမည့်လုပ်ငန်းများကို မတ်လ တတိယပတ်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(သိန်းမြင့်ကျော်)**

### စာအုပ်စာပေ လူ့မိတ်ဆွေ

## စက်ရုံ၊ အလုပ်ရုံများမှဝန်ထမ်းများ လူမှုဖူလုံရေးရုံးများနှင့် စနစ်တကျချိတ်ဆက်လုပ်ဆောင်ကာ ကျန်းမာရေးအတွက် အလုပ်သမားဆေးရုံကြီးကိုအားထားလာ

**မန္တလေး မတ် ၂၉**

ဖွံ့ဖြိုးတိုးတက်လာသော ခေတ်တွင် စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုခြင်းများ၊ လူမှုဖူလုံရေးကြေးများ ထည့်သွင်းခြင်းများကို စနစ်တကျလုပ်ဆောင်လာကြသည်။ အလုပ်ရှင်နှင့် အလုပ်သမားကြား ညီညွတ်စွာလုပ်ဆောင်မှုများကို ပြုလုပ်လာကြသည်။ အထူးသဖြင့် မန္တလေးမြို့နှင့် အနီးရှိစက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ လူမှုဖူလုံရေးရုံးများနှင့် ဆက်သွယ်ကာ ကျန်းမာရေး အကျိုးခံစားခွင့်များကို ရယူမှုများ စနစ်တကျလုပ်ဆောင်လာကြသည်။

လူမှုဖူလုံရေးရုံးများတွင် တာဝန်ကျသော ဝန်ထမ်းများ၊ ဆရာဝန်များမှာလည်း တိကျစွာလိုက်နာလုပ်ဆောင်ပေးပြီး အမှန်အတိုင်းစစ်ဆေးတွေ့ရှိချက်များကို မှတ်ချက်ရေးသားမှု ပြုလုပ်ပေးလာသည်။ ဆေးခွင့်များကိုလည်း လိုအပ်မှသာလျှင်ပေးသည်အထိ တိတိကျကျလုပ်ဆောင်ရင်း အလုပ်ရှင်နှင့် အလုပ်သမားကြား ညီမျှစွာ လုပ်ဆောင်ပေးလာသည်။

လူမှုဖူလုံရေးဥပဒေနှင့် ရည်ရွယ်ချက်များကိုလည်း ဝန်ထမ်းများစွာ လေ့လာဖတ်ရှုနိုင်ရေး စက်ရုံအသီးသီးတွင် လုပ်ဆောင်ပေးလာသည်။ ဥပဒေ၏ ရည်ရွယ်ချက်ကောင်းများတွင် အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံပြီး နိုင်ငံတော်၏ အဓိက ကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားစေခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်လည်း ရည်ရွယ်ထားသည်။

လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားနိုင်စေရန်၊ လက်တွေ့ပကတိ အခြေအနေနှင့် ကိုက်ညီသော အကျိုးခံစားခွင့်ပေးခြင်းဖြင့် လူမှုဖူလုံရေးစနစ်အပေါ် အများပြည်သူယုံကြည်ကိုးစားမှုများ တိုးပွားမှုကိုရယူလာကြသည်။ အလုပ်ရှင်နှင့်အလုပ်သမားတို့က ပေးသွင်းထားသည့် အချို့သော ထည့်ဝင်ကြေးငွေများကို စုဆောင်းငွေကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ယူ ခံစားခွင့်ရှိစေရန်နှင့် အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်အတွက် ထိခိုက်မှုအတွက် ငွေကြေးအချို့ခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှုဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့အကျိုးခံစားခွင့်၊ အလုပ်လုပ်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်နှင့် အခြားအခွင့်အရေးများအတွက်ပါ ရည်ရွယ်လုပ်ဆောင်ထားသည်။

လက်ရှိကာလ မန္တလေးမြို့ရှိ လူမှုဖူလုံရေးထည့်ဝင်သည့် ဝန်ထမ်းများမှာ အလုပ်သမားဆေးရုံကြီးကို အားထား၍ သွားလာကုသလေ့ရှိသည်။ အများစုမှာ တနင်္လာနေ့နှင့် ကြာသပတေးနေ့တို့တွင် လူနာလာရောက်မှုများပြားလာသည်။ ဆရာဝန်များ၊ ဆရာမများမှာလည်း အကောင်းဆုံးဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

## မေတ္တာသင်္ဂဟ လူငယ်ပရဟိတအဆောက်အအုံဖွင့်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကျောက်တန်း မတ် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့တွင် မတ် ၂၉ ရက် နံနက် ၉ နာရီက မေတ္တာသင်္ဂဟလူငယ်ပရဟိတ အဆောက်အအုံဖွင့်ပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ကျင်းပသည်။

အသင်းကို တံတားမြို့ရှိ လူငယ်များဖြင့် ၂၉-၃-၂၀၁၅ ခုနှစ် မတ် ၂၉ ရက်က စတင်တည်ဆောက်ခဲ့ပြီး ကဒပ္ပနကျေးရွာမှ မတည်အလှူရှင် ဦးဌေးဝင်း - ဒေါ်ပြုံးပြုံးဝင်း မိသားစု၏ လှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် အရပ်ရပ်မှ ထည့်ဝင်လှူဒါန်းငွေဖြင့် လူနာတင်ယာဉ်တစ်စီး ဝယ်ယူကာ အရေးကြီးလူနာများကို ရန်ကုန်ဆေးရုံကြီးသို့ အခမဲ့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

◆



## ရွှေစာရံဘုရားပွဲ လာရောက်လည်ပတ်သောဘုရားဖူးပြည်သူများဖြင့် စည်ကား

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးတွင်တည်ရှိသော သမိုင်းဝင်ရွှေစာရံဘုရားပွဲတော်ကြီးကို နှစ်စဉ် တပေါင်းလပြည့်နေ့မှစ၍ လပြည့်ကျော် ၈ ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်မှုများပြားလျက်ရှိသည်။

"ဒီရွှေစာရံဘုရားပွဲကို နှစ်တိုင်းရောက်ဖြစ်ပါတယ်။ ဒီဘုရားပွဲမှာ ရှမ်းပြည်နယ် ဒေသထွက်ကုန်ပစ္စည်းတွေ၊ တိုင်းရင်းဆေးဖက်ဝင် သစ်ဉ၊ သစ်ဖုတွေ၊ ရှမ်းရိုးရာဝတ်စုံတွေ ကြိုက်တာဝယ်လို့ရလို့ပါ။ ထန်းရွက်ပုတီးနဲ့ ထန်းရွက်ငါးအရုပ်တွေကတော့ ရွှေစာရံရဲ့သင်္ကေတတစ်ခုတောင် ပြောလို့ရနေပြီ။ ဒါကြောင့် တစ်မျိုးမဟုတ်တစ်မျိုး နှစ်တိုင်းဝယ်ဖြစ်တယ်။ မျှစ်ချဉ်၊ မျှစ်ခြောက်၊ ကြက်သွန်ဖြူ၊ နနွင်းတက်၊ တရော်ကင်ပွန်းခေါက်၊ တရော်ကင်ပွန်းသီးတွေလည်း ရောင်းကြတယ်။ ဝါးခမောက်တို့ ဘူးသီးခြောက်တို့အပြင် မုန့်ခေါင်းအုံး၊ ကရေကရာမုန့် အစရှိတဲ့ ပစ္စည်းတွေလည်း ဝယ်လို့ရတယ်။ ဒေသထွက်ပစ္စည်း စုံစုံလင်လင်ဝယ်လို့ ရတယ်လေ။ နားမှောင်းကျချောင်းဘက်မှာလည်း ငှက်လှေစီးသူတွေ၊ ရေကစားသူတွေနဲ့ ပျော်စရာအရမ်းကောင်းတယ်" ဟု ဘုရားဖူးလာသော ပြည်သူတစ်ဦးက ပြောကြားသည်။

သစ္စာမိဋ္ဌာန်ရွှေစာရံစေတီတော်ကြီးကို ပုဂံပြည့်ရှင် အနော်ရထာမင်း၏ မိဖုရားတစ်ပါးဖြစ်သူ ရှမ်းမင်းသမီးစောမွန်လှကတည်ထားခဲ့ကြောင်း မှတ်တမ်းများအရ သိရပြီး ရှမ်းလူမျိုးများလာရောက်မှု များပြားသလို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ ရွှေစာရံဘုရားပွဲနှင့် ထန်းရွက်ပုတီးလေးများသည် ခွဲလို့မရသည့်သင်္ကေတတစ်ခုဖြစ်ပြီး ရွှေစာရံစေတီ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)အဖြစ် တပေါင်းလပြည့်ကျော် ၉ ရက်နေ့တွင် သံဃာတော်အပါး ၁၈၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### ကော့သောင်းမြို့နယ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၂၉**

ပြည်သူများအား လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များ၊ ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုဖြစ်စဉ်များကို သိရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်က ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအုပ်စု ရေပူတွင်းအနီးရှိ အောင်နိုင်သူရော်ဘာစိုက်ပျိုးရေးခြံ၌ လူကုန်ကူးမှုအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(ကော့သောင်း)မှ ဒုတိယရဲအုပ်ထွန်းသောင်းက ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းကြောင့် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ သိသင့်သိထိုက်သည့်အချက်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်ဥပဒေများအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာသည့် ရော်ဘာခြံလုပ်သား ၄၅၀ တို့အား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **(ရဲပြန်ကြား)**



## ပွင့်ဖြူမြို့နယ်တွင် လှည်းအလှယာဉ်များနှင့် မြင်းပိုင်ရှင်များ ဝင်ငွေကောင်း

**ပွင့်ဖြူ မတ် ၂၉**

နွေဦးရာသီ စပါး၊ ပဲများပေါ်ချိန်တွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများ အလှူပွဲများပြုလုပ်လျက်ရှိရာ အလှူပွဲများတွင် လှည့်လည်ရန် နွားလှည်းအလှယာဉ်များ၊ မြင်းများကို ငှားရမ်းအသုံးပြုကြသဖြင့် လှည်းအလှယာဉ်နှင့်မြင်းပိုင်ရှင်များ ဝင်ငွေကောင်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ် သာစည်ကျေးရွာမှ မြင်းလှည်းပိုင်ရှင် ဦးဝင်းရွှေက "ဒီနှစ် စပါးဈေး၊ ပဲဈေးကောင်းရတော့ တောင်သူအများစု လှူနိုင်ကြတယ်။ အရင်နှစ်တွေထက် အလှူပွဲတွေ ပိုများလာတယ်။ ရှင်လောင်းတင်မြင်းအငှားလိုက်တာ အနီးအနားဆို တစ်ပွဲ ကျပ် ၁၀၀၀၀ ရတယ်။ ရပ်ဝေးဆို ကျပ် ၁၅၀၀၀ ရတယ်။ တစ်ခါတစ်ရံ နံနက်ပိုင်း တစ်ပွဲ၊ ညနေတစ်ပွဲ အငှားလိုက်ရတဲ့နေ့ဆို တစ်နေ့ ကျပ် ၂၀၀၀၀ ထိ ရပါတယ်။ နွားလှည်းအလှယာဉ်လည်း ဈေးအတူတူပါပဲ။ မြင်းနဲ့ ရှင်လောင်းတင်လှည့်တာများတယ်"ဟု ပြောသည်။

စိုက်ပျိုးရေး လုပ်ငန်းများတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း လုပ်ကိုင်လျက်ရှိရာ နွားလှည်းအလှယာဉ်များမှာ ကျေးရွာအချို့တွင်သာ ကျန်ရှိကြပြီး သုံးဘီးဆိုင်ကယ်ယာဉ်များ မြို့နှင့်ကျေးရွာအမြန်ပြေးဆွဲနေသည့်အတွက် မြင်းများမွေးမြူ၍ မြင်းလှည်းဖြင့် လုပ်ကိုင်သူ နည်းပါးလာသဖြင့် အလှူပွဲများတွင် အသုံးပြုသော နွားလှည်းအလှယာဉ်နှင့် မြင်းမွေးမြူထားသူများ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ပိုလီယိုအစက်ချကာကွယ်ဆေး ပြောင်းလဲသုံးစွဲမှု တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေး

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ဧပြီလအတွင်း တိုက်ကျွေးမည့် ပိုလီယိုအစက်ချကာကွယ်ဆေး (trivalent-tOPV) မှ (bivalent –bOPV) သို့ ပြောင်းလဲသုံးစွဲရေး တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေးပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုအသိပညာပေးဆွေးနွေးပွဲက ဆေးထားသိုပုံ၊ ထားသိုနည်းတွေ၊ ဆေးအဟောင်းဖျက်ဆီးနည်းတွေကို ဆွေးနွေးတာပါ။ အသုံးမပြုတော့မယ့် (trivalent- tOPV) ကို နောက်ပိုင်းမှာ ဖျက်ဆီးသွားမှာပါ။ အဲဒီလို ဖျက်ဆီးတဲ့အခါမှာလည်း စနစ်တကျဖြစ်စေရေးအတွက် စည်ပင်နဲ့ အခြားသက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနဆိုင်ရာတွေပေါင်းပြီး ဆောင်ရွက်သွားမှာပါ"ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဝင်းနိုင်၏ ပြောပြချက်အရ သိရသည်။

ပိုလီယိုရောဂါပိုး သုံးမျိုးရှိသည့်အနက် ကမ္ဘာပေါ်တွင် ပိုလီယိုအရိုင်းပိုးအမျိုးအစား (၂)သည် ၁၉၉၉ ခုနှစ်မှစ၍ လုံးဝကင်းစင်ပပျောက်ခဲ့သဖြင့် ပိုလီယိုဗိုင်းရပ်အမျိုးအစား (၁)နှင့် (၃) နှစ်မျိုးတည်းပါဝင်သည့် (bOPV) ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးတိုက်/ထိုးခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဧပြီ ၂၉ ရက်မှစတင်ကာ အသက် နှစ်လ၊ လေးလနှင့် ခြောက်လတို့ကို တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုလီယိုအစက်ချကာကွယ်ဆေး (trivalent-tOPV) မှ (bivalent –bOPV) သို့ ပြောင်းလဲသုံးစွဲရေး တိုင်းဒေသကြီးအဆင့် အသိပညာပေး ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ထွန်းထွန်းနိုင်-ကျောက်ဆည်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃၀ - ၃ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၃၀ ပြည်သူ့နီတိ
"ရိုးရိုးကျင့် မြင့်မြင့်ကြံ"
၆း၄၀ တေးဂီတအစီအစဉ်
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်သော ပုစ္ဆာ"
(အပိုင်း-၁၂)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"အချစ်စစ်ရဲ့ အလှတရား"
(အပိုင်း-၁၂)
၈း၃၀ ကာတွန်းအစီအစဉ်
"BEN 10 ALIEN FORCE"
(အပိုင်း-၂၂)
၈း၅၀ တေးဂီတအစီအစဉ်
၉း၀၀ အဆိုတော် ဒေါ်မာမာအေး
(အပိုင်း-၂)
၉း၅၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်
တေးများ
၁၀း၀၀ မြန်မာ့ဗီဒီယိုဇာတ်လမ်း
"နားအေးပါးအေး"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရ
သုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ခဏကလေးပါ" တရားတော်
[ဆရာတော် အရှင်သောဘဏ
(ရွှေမြင့်မိုရ်ဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၁၇)
၇း၃၀ MRTV-4 သတင်း
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၆၄)
၁၀း၂၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ အနုပညာမိုးကောင်းကင်
၁၁း၃၀ ဟင်းချက်ရအောင်
၁၁း၅၅ MRTV-4 Stage
၁၂း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်" (အပိုင်း-၄၄)
၂း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြှ"
(အပိုင်း-၅၀)
၄း၃၀ ရန်ကုန်မြင်ကွင်းကျယ်
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၁၈)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြှ"
(အပိုင်း-၅၁)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၆၅)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်"
(အပိုင်း-၄၅)
၁၀း၂၀ Let's Talk
၁၁း၀၅ World of Knowledge

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၁ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀ မျိုးချစ်တပ်မတော်
၆း၃၅ မှတ်တမ်း
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၀၈ မျိုးချစ်တပ်မတော်
၄း၁၅ လျှပ်တစ်ပြက်
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရွှေဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အယ်ဒါနာ အပိုင်း(၁၁)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရွှေရောင်သက်တံများ
အပိုင်း(၄၃)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-အမျိုးသားရေးတေးကဗျာ
-ဒို့တာဝန်အရေး(၃)ပါး
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-မြဝတီရုပ်မြင်သံကြားသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အရိပ်လေး အပိုင်း(၈)

### mitv

07:26 Wet Markets of Yangon: Thirimingalar Market
07:33 Reflected Glory
08:26 "Myanmar's Traditions and Culture" Novicehood in Myanmar
08:53 Porcelain and Glass
09:26 A Life In The Ring
09:42 YUFL
10:26 Myanmar Scout
07:26 An Oasis Trip to Mt. Popa
07:54 The Pride of Myanmar "Traditional Handicraft"
08:26 Myanmar Traditional Identity (EP- 2)
Myanmar Chinthe (Myanmar Lion)
08:40 Sightseeing in Yangon: Inya Lake
08:54 Snake Dancer



## ဂျပန်မှာ ပရိသတ်ငါးထောင်ခန့်ကို လက်ခံတွေ့ဆုံမယ့် T-ara

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တွေထဲမှာ ကျော်ကြားတဲ့ ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara" ဟာ ဂျပန်မှာရှိတဲ့ပရိသတ်တွေထဲက ပရိသတ်ငါးထောင်ခန့်ကို လာမယ့်မေလအတွင်း လက်ခံတွေ့ဆုံသွားဖို့ စီစဉ်ထားပြီးဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ လာမယ့် မေ ၂ ရက်နဲ့ ၄ ရက်မှာ နှစ်ရက်ခွဲကာ ဂျပန်ပရိသတ်ငါးထောင်ခန့်ကို လက်ခံတွေ့ဆုံပေးသွားမှာဖြစ်ပြီး မေ ၂ ရက်မှာ တောင်ကိုရီးယားနိုင်ငံက စတင်ထွက်ခွာမှာဖြစ်ကြောင်း သိရပါတယ်။

တွေ့ဆုံပွဲအစီအစဉ်နဲ့ပတ်သက်ပြီး အသေးစိတ်အစီအစဉ်တွေကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပေမယ့် ဂျပန်ပရိသတ်တွေနဲ့ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က နောက်ဆုံးတွေ့ရှိခဲ့တာဖြစ်တဲ့အတွက် အဆိုပါတွေ့ဆုံပွဲကို T-ara ကရော သူ့ရဲ့ပရိသတ်တွေကပါ ရင်ခုန်စွာစောင့်မျှော်နေတယ်လို့ သိရပါတယ်။





## ချစ်သူတွေပါလို့ဆိုလာတဲ့ ဂျီဆန်ဝတ်နဲ့ ချာယေးရန်

တောင်ကိုရီးယားရဲ့နာမည်ကျော်အနုပညာစုံတွဲတွေအနက် နောက်ထပ်ပေါ်ထွက်လာခဲ့တဲ့စုံတွဲကတော့ မင်းသား ဂျီဆန်ဝတ်နဲ့ မင်းသမီး ချာယေးရန်တို့ပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးချစ်သူတွေဖြစ်ကြတယ်ဆိုတာကို ဂျီဆန်ဝတ်ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ မက်ဒင်အန်တာတိန်းမန့်က မတ် ၂၈ ရက်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ "Glamorous Temptation" ရုပ်ရှင်မှာ အတူတွဲဖက်သရုပ်ဆောင်ရင်း ရုပ်ရှင်ပြီးဆုံးသွားတဲ့အခါမှာလည်း နှစ်ဦးသားအကြားက သံယောဇဉ်တွေမဆုံးနိုင်ဘဲ ဆက်လက်တွေ့ဆုံကြရင်း ချစ်သူတွေအဖြစ် ရောက်ရှိခဲ့တယ်လို့ မက်ဒင်အန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တာကို အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ဒ့ါကြောင့် အဆိုပါကိုရီးယားအနုပညာကြယ်ပွင့်စုံတွဲဟာလည်း ရုပ်ရှင်အတူရိုက်ကူးခဲ့ရာက ချစ်သူတွေဖြစ်ခဲ့ကြတဲ့ အနုပညာစုံတွဲတွေထဲ ပါဝင်လာခဲ့ပြီဖြစ်ပါတယ်။

မင်းသမီး ချာယေးရန်ရဲ့ အေဂျင်စီကလည်း "ချာယေးရန်ကို ဆက်သွယ်မေးမြန်းတဲ့အခါ ချစ်သူတွေဖြစ်နေကြတယ်ဆိုတာကို သူကအတည်ပြုပေးခဲ့ပြီး လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ တစ်ယောက်ကိုတစ်ယောက်လေ့လာနေတဲ့အဆင့်မှာရှိနေတယ်လို့ ဆိုပါတယ်။ သူတို့နှစ်ဦးဟာ ရုပ်ရှင်ထုတ်လုပ်မှုအပြီးမှာ စတင်ချိန်းဆိုတွေ့ဆုံခဲ့ကြတာ ဖြစ်တယ်"လို့ ပြောကြားခဲ့ပါတယ်။

## "Spice Girls"ရဲ့ နှစ်ပတ်လည်နေ့မှာ ဗစ်တိုးရီးယားပါဝင်ဆင်နွှဲမည်

နာမည်ကျော် မော်ဒယ်နဲ့ ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယား ဘတ်ခမ်းဟာ သူယခင်က ပါဝင်လှုပ်ရှားခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "Spice Girls" ရဲ့ နှစ်ပတ်လည်နေ့မှာ ကျန်အဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်တယ်လို့ အမ်တီဗွီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

"Spice Girls" တေးဂီတအဖွဲ့ရဲ့ မကြာမီကျင်းပမယ့် အဖွဲ့တည်ထောင်ခဲ့တဲ့နှစ်(၂၀)ပြည့် အထိမ်းအမှတ်ဂီတဖျော်ဖြေပွဲအစီအစဉ်မှာ ဗစ်တိုးရီးယားက ပါဝင်သွားမှာဖြစ်ကာ သူပါဝင်မယ့်အစီအစဉ်ရဲ့ အသေးစိတ်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေမယ့် တေးသီချင်းနဲ့ သီဆိုဖျော်ဖြေတာမျိုးတော့မဟုတ်ကြောင်း သိရပါတယ်။ ယခုလို ပါဝင်တင်ဆက်ပေးတာဟာ ဗစ်တိုးရီးယားအနေနဲ့ အဖွဲ့က နုတ်ထွက်ခဲ့ပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် "Spice Girls" နဲ့အတူ ပြန်လည်ပါဝင်လှုပ်ရှားခဲ့ခြင်းလည်းဖြစ်ကြောင်း သိရပါတယ်။



## အသက် (၃၀) ပြည့် မွေးနေ့ပါတီပွဲ ဆင်နွှဲခဲ့တဲ့ လေဒီဂါဂါ

ပေါ့ပ်အဆိုတော် လေဒီဂါဂါက ပြီးခဲ့တဲ့ မတ် ၂၈ ရက်မှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့အသက် (၃၀)ပြည့် မွေးနေ့ပါတီကို ဟောလိဝုဒ် အကျော်အမော်တွေနဲ့အတူ ဆင်နွှဲခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၆ ရက်က လေဒီဂါဂါက လော့စ်အန်ဂျလိစ်က နိုက်ကလပ်တစ်ခုမှာ တေလာဆွစ်၊ နစ်ခ်ဂျိုးနက်စတဲ့ ဟောလိဝုဒ်ရဲ့ ထိပ်တန်းအနုပညာရှင်တွေနဲ့အတူ မွေးနေ့ပါတီကို ဆင်နွှဲခဲ့တာဖြစ်ပါတယ်။ အဆိုပါ ပါတီပွဲကို လေဒီဂါဂါရဲ့ချစ်သူ တေလာကင်နေလည်း အတူတက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

ယင်းပါတီပွဲညမှာ လေဒီဂါဂါ ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံကို ပြင်သစ်ဒီဇိုင်နာ ဟေဒီစလင်မင်းက ဖန်တီးခဲ့ကာ ဂါဂါအတွက် လက်ဆောင်အဖြစ်ပေးအပ်ခဲ့တာဖြစ်ပြီး ဟေဒီကို ဝတ်စုံအတွက် ကျေးဇူးတင်ရှိကြောင်း ဂါဂါက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှ တစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

အားကစား

# ရီးယဲလ်မက်ဒရစ်ရဲ့ ရလဒ်ဆိုးတွေအတွက် ကျွန်တော်တို့ကို အပြစ်မတင်ပါနဲ့




ရီးယဲလ်မက်ဒရစ်တောင်ပံတိုက်စစ်မှူး အစ္စကိုက ရီးယဲလ်အသင်း၏ လက်ရှိရလဒ်ဆိုးများအတွက် သူနှင့်အသင်းဖော် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကိုသာ အပြစ်တင်နေသည်မှာ မျှတသည့်ဝေဖန်မှုမဟုတ်ကြောင်း တုံ့ပြန်ပြောကြားလိုက်ပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်သည် ယခုနှစ်ဘောလုံးရာသီ၌ ဘာစီလိုနာ၊ အက်သလက်တီကိုတို့ကဲ့သို့ လာလီဂါ အင်အား ကြီး ပြိုင်ဘက်များကို အသာမရခဲ့ဘဲ ရလဒ်ပိုင်းဆိုးရွားနေရာ အစ္စကိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့နှစ်ဦးအား ရလဒ်ဆိုးများ၏ အဓိကတရားခံအဖြစ် အမာခံပရိသတ်များနှင့် မီဒီယာများက ရှုမြင်နေကြသည်။

သို့သော်အစ္စကိုက "တကယ်ဆို အသင်းတစ်သင်းမှာ အကုန်လုံးအတူတူ ဝင်ရောက်ကစားနေကြတာပါ။ ဒါကို ကျွန်တော်တို့နှစ်ယောက်တည်းကို သက်သက်ခွဲထွက်ပြီး ရလဒ်ဆိုးတွေ သယ်လာတဲ့သူလို ဆက်ဆံနေတာကတော့ မတရားပါဘူး။ သေချာတာကတော့ အခုရီးယဲလ်မှာဖြစ်ပျက်နေတာတွေက ကျွန်တော်ရော၊ ဂျိမ်းစ်ရောရဲ့ အမှားတွေ ကြောင့် မဟုတ်ပါဘူး" ဟု ဆိုလိုက်သည်။

သို့သော် ကိုလံဘီယာကစားသမားဟောင်း အက်စ်ပီလာက ရီးယဲလ်မက်ဒရစ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ် ခြေစွမ်းမပြသနိုင်ခြင်းမှာ ပရိသတ်များ၏ ချစ်ခင်နှစ်သက်မှုမရရှိခြင်းကြောင့်သာဖြစ်ပြီး ကိုလံဘီယာအသင်းအတွက် ကစားပေးသော ခြေစွမ်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားသော ခြေစွမ်းကွာခြားချက်ကိုနှိုင်းယှဉ်ကြည့်လျှင် သိနိုင်ကြောင်းဆိုခဲ့သည်။ ဂျိမ်းစ်သည် ၂၀၁၄ ခုနှစ်တွင် ပြင်သစ်ပထမတန်းကလပ်မိုနာကိုမှ ရီးယဲလ်သို့ ပြောင်းရွှေ့ကြေး ယူရိုသန်း၈၀ဖြင့်ရောက်ရှိလာခဲ့သူဖြစ်ပြီး ပထမရာသီတွင် ခြေစွမ်းပြနိုင်ခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအစတွင် ကြွက်သားစုတ်ပြဲဒဏ်ရာရရှိသွားပြီး နောက်ပိုင်း ပုံမှန်ခြေစွမ်းအောက်ရောက်ရှိသွားခဲ့သည်။

အက်စ်ပီလာကမူ ဘင်နီတက်ဇ်နှင့် ဇီဒန်းတို့နှစ်ဦးစလုံး ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား အကောင်းဆုံးပံ့ပိုးမှုမပေးနိုင်သောကြောင့် အန်စလော့တီလက်ထက်က ခြေစွမ်းမျိုး ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ပြစ်တင်လိုက်သည်။ အစ္စကိုမှာလည်း ပြီးခဲ့သည့်နှစ်က ခြေစွမ်းမျိုးမရရှိတော့ဘဲ ယင်းမှာ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒို၊ လူကာမိုဒရစ်နှင့် တိုနီခရူးစ်တို့ကိုသာ ဦးစားပေးရွေးချယ်သော ဇီဒန်း၏ ရွေးချယ်မှုကိုသာ အပြစ်တင်ရမည်ဖြစ်ကြောင်း စပိန်မီဒီယာများက အလေးပေးဖော်ပြလာကြသည်။

## ဆွာရက်ဇ်ရင့်ကျက်လာပြီဟု တာဘာရက်ဇ်ချီးကျူး

ချီလီနီအား ကိုက်ခဲ့ခြင်းကြောင့် ကာလကြာရှည် ပွဲပယ်ပြစ်ဒဏ်ကျခံနေရာမှ ပြန်လည်လွတ်မြောက်လာခဲ့သူ ဉရုဂွေး တိုက်စစ်မှူး ဆွာရက်ဇ်မှာ ယခင်ကကဲ့သို့မဟုတ်ဘဲ ရင့်ကျက်သည့်ကစားသမားတစ်ဦးဖြစ်လာပြီဖြစ်ကြောင်း ဉရုဂွေးလက်ရွေးစင်အသင်းနည်းပြ တာဘာရက်ဇ်က ချီးကျူးခဲ့သည်။ ဆွာရက်ဇ်သည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီနောက်ခံလူ ချီလီနီအား ကိုက်ခဲ့ခြင်းကြောင့် နိုင်ငံတကာပွဲစဉ်ကိုးပွဲ ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခံခဲ့ရပြီးနောက် ပထမဆုံးကစားခွင့်ရသည့် ပွဲစဉ်မှာပင် ဘရာဇီးအသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သည်။

တာဘာရက်ဇ်က ဆွာရက်ဇ်အနေဖြင့် ကစားသမားတစ်ဦး၏ အကောင်းဆုံးအသက်အရွယ်ရောက်ရှိလာချိန်တွင် ပိုမိုရင့်ကျက်လာခဲ့ပြီဖြစ်ကြောင်း၊ ယခင်က အမှားအချို့ပြုလုပ်ခဲ့ဖူးသော်လည်း ယခုအခါ ကစားကွင်းထဲရောက်ရှိသွားချိန်တွင် ကစားဖော်များအတွက် မည်သို့အကျိုးပြုရမလဲဆိုသည်ကိုသာ ပိုမိုအလေးထားလာကြောင်း၊ အကောင်းဆုံးခွန်အားနှင့် ကစားအားရှိသူဖြစ်သလို သူ၏လုပ်ဆောင်ခဲ့မှုများအပေါ် အသင်းဖော်များကလည်း အပြစ်တင်မည်မဟုတ်ကြောင်း ဆိုခဲ့သည်။

## ကွန်တီရောက်လာလျှင်လည်း ချယ်လ်ဆီးသို့ပြောင်းရွှေ့မည်မဟုတ်ဟု ဘိုနူချီဖွင့်ဟ

ဂျူဗင်တပ်ဗဟိုနောက်ခံလူ ဘိုနူချီက ချယ်လ်ဆီးအသင်းအား အီတလီလက်ရွေးစင်နည်းပြ ကွန်တီကိုင်တွယ်လျှင်လည်း ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း အတိအလင်းပင်ပြောကြားလိုက်ပြီဖြစ်သည်။ ဘိုနူချီမှာ ကွန်တီ ဂျူဗင်တပ်အသင်းနည်းပြအဖြစ် ဆောင်ရွက်စဉ်ကတည်းကပင် ရင်းနှီးသည့် ဆက်ဆံရေးရှိသူဖြစ်ပြီး အီတလီအသင်းကို ပြောင်းလဲကိုင်တွယ်ချိန်တွင်လည်း ကွန်တီ၏ အနှစ်သက်ဆုံးကစားသမားတစ်ဦးအဖြစ် ဆက်လက်ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ ထို့ကြောင့် ကွန်တီ ချယ်လ်ဆီးသို့ရောက်ရှိလာလျှင် ဘိုနူချီအား ဦးစားပေးခေါ်ယူမည်ဟု အင်္ဂလန်မီဒီယာများက အသားပေးရေးသားနေကြရာ ဘိုနူချီက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

## မက်ဆီထက် နေမာနှင့်သာ တွဲဖက်ကစားရန်ဆန္ဒရှိဟု လူးကပ်စ်မော်ရာ ဖွင့်ဟ

ပီအက်စ်ဂျီတောင်ပံတိုက်စစ်မှူး လူးကပ်စ်မော်ရာက ဘာစီလိုနာတိုက်စစ်မှူး နေမာ ပီအက်စ်ဂျီသို့ ရောက်ရှိလာလျှင် သူ၏ နေရာအတွက် ခြိမ်းခြောက်မှုရှိလာမည်ကိုသိသော်လည်း မက်ဆီထက်စာလျှင် နေမာနှင့်သာ တွဲဖက်ကစားလိုကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ ပီအက်စ်ဂျီအသင်းသည် ပြည်တွင်းအောင်မြင်မှုများကို လေးနှစ်ဆက်တိုက်ရယူနိုင်ခဲ့ပြီးနောက် ဥရောပစာမျက်နှာတွင် အောင်မြင်မှုထပ်မံရှာဖွေရန် ကြိုးပမ်းလာပြီဖြစ်ရာ ကမ္ဘာ့ကြယ်ပွင့်ကစားသမားများဖြစ်သည့် မက်ဆီ၊ စီရိုနယ်လ်၊ ဘင်ဇီမာ၊ လီဝမ်ဒေါစကီးတို့ကို ခေါ်ယူရန် အားထုတ်လာခဲ့ခြင်းဖြစ်သည်။

မော်ရာက သူ့အနေဖြင့် တွဲဖက်တိုက်စစ်ကစားသမားများအဖြစ် ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီး၊ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီတို့နှင့် တွဲဖက်ကစားရန် ဆန္ဒရှိသော်လည်း အများထဲမှတစ်ဦးကိုသာ ရွေးချယ်ပါဆိုလျှင် နေမာကိုသာရွေးချယ်လိမ့်မည်ဖြစ်ကြောင်း ပြင်သစ်ရုပ်သံလိုင်း Canal+ နှင့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။ ယခုနိုင်ငံတကာပွဲစဉ်များကြောင့် လိဂ်ပြိုင်ပွဲများ ခေတ္တရပ်နားချိန်တွင် ပီအက်စ်ဂျီအသင်းသည် ကမ္ဘာ့အားကစားလောက၌ ပုံရိပ်မြင့်မားသည့်ကစားသမားကို ခေါ်ယူရန် ပိုမိုအရှိန်မြှင့် လုပ်ဆောင်လာသောကြောင့် မော်ရာက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

မေလဲ့သင်း - စုစည်းရေးသားသည်

# ရီးယဲလ်မက်ဒရစ်ကို ဘာစီလိုနာ အနိုင်ကစားနိုင်မှာလား

## စပိန်လာလီဂါရင်ခုန်သံ - ၃၁

***စပိန်လီဂါပွဲစဉ်(၃၁)ကိုလာမယ့် ဧပြီလ ၂၊ ၃၊ ၄၊ ၅ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်တို့ ဆုံတွေ့တဲ့ပွဲကောင်းပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းမွန်နေကာ ဘာစီလိုနာဟာ ရီးယဲလ်မက်ဒရစ်ကို အိမ်ကွင်းပွဲမှာ အနိုင်ရယူနိုင်မလားဆိုတာကို စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။***

ရှိုင်းမင်းမင်း

**အက်သလက်တီကို - ဘက်တစ် ည ၈း၃၀ (၂-၄-၁၆)**

အက်သလက်တီကိုဟာ နောက်ဆုံးပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ခဲ့ရပြီး ပြိုင်ဘက်ရီးယဲလ်မက်ဒရစ်နဲ့ အမှတ်ကွာဟမှုကျဉ်းမြောင်းသွားတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အက်သလက်တီကိုဟာ အိမ်ကွင်းပွဲတွေမှာလည်းကစားပုံပိုမိုကောင်းမွန်တတ်တဲ့အပြင် ဘက်တစ်ရဲ့ခြေကလည်း အားနည်းမှုတွေရှိပေမယ့် အက်သလက်တီကိုကသာ အိမ်ကွင်းအားနဲ့ အနိုင်ရသွားမှာသေချာပါတယ်။

**လက်စ်ပဲလ်မက်စ် - ဗလင်စီယာ ည ၁၀း၄၅ (၂-၄-၁၆)**

လက်စ်ပဲလ်မက်စ်ဟာ တန်းဆင်းဇုန်အတွင်းက အသင်းတွေနဲ့ အမှတ်ကွာဟမှုသိပ်မရှိတာကြောင့် တန်းမဆင်းရဖို့ အာမခံနိုင်ခြေမရှိသေးသလို နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပြီး ခြေကလည်း ကောင်းမွန်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲတိတိ အနိုင်ရခဲ့သလို ဒီပွဲစဉ်မှာလည်းအိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်တာကြောင့် ခြေတည်ငြိမ်မှုမရှိတဲ့ ဗလင်စီယာတို့ အခက်တွေ့နိုင်ပါတယ်။ ဗလင်စီယာ သရေလောက်ပဲရမယ်။

**ဘာစီလိုနာ - ရီးယဲလ် နံနက် ၁း၀၀ (၃-၄-၁၆)**

မဟာပြိုင်ဘက်နှစ်သင်းရဲ့ ဆုံတွေ့ပွဲဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဘာစီလိုနာဟာ ရီးယဲလ်မက်ဒရစ်ထက် ခြေစွမ်းပိုင်း ပိုမိုအားကောင်းနေပေမယ့်လည်း ရီးယဲလ်က ဒီပွဲအနိုင်ရခဲ့ရင် အမှတ်ကွာဟမှုကို လျှော့ချနိုင်မှာဖြစ်လို့ ခြေကုန်ထုတ်ကစားလာရင် ဘာစီလိုနာကို တုံ့ပြန်ကစားသွားနိုင်မှာသေချာပါတယ်။ ရီးယဲလ်မှာ အခုနောက်ပိုင်း လူပြန်စုံနေပြီလည်းဖြစ်ပါတယ်။ ဘာစီလိုနာအခက်တွေ့နိုင်ပြီး သရေကျဖို့များပါတယ်။

**ဆယ်လ်တာဗီဂို - ဒီပို့တီဗို နံနက် ၂း၃၅ (၃-၄-၁၆)**

ဒီပို့တီဗိုဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲရရှိခဲ့တယ်ဆိုပေမယ့်လည်း ခြေစွမ်းပိုင်းကတော့ သာမန်သာရှိပါတယ်။ ဆယ်လ်တာဗီဂိုကတော့ ဥရောပဝင်ခွင့် မျှော်လင့်နေတဲ့အသင်းဖြစ်တာကြောင့် ဒီလိုအိမ်ကွင်းပွဲမျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ ဒါ့အပြင် ဆယ်လ်တာဗီဂိုရဲ့ခြေကလည်း ကောင်းမွန်နေကာ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒီပို့တီဗိုတို့တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဆယ်လ်တာဗီဂိုကပဲ အနိုင်ရသွားမှာပါ။

**မာလာဂါ - အက်စ်ပန်ညိုး ည ၈း၃၀ (၃-၄-၁၆)**

နောက်ဆုံးပွဲစဉ်မှာ ဘီဘာအိုကို အနိုင်ကစားနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲတစ်ပွဲသာရှိခဲ့တဲ့ အက်စ်ပန်ညိုရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒီပွဲကလည်း အဝေးကွင်းဖြစ်ပေမယ့် အက်စ်ပန်ညိုတို့ နိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် မာလာဂါကလည်း ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိနေသေးတာကြောင့် အိမ်ကွင်းမှာအားစိုက်လာမှာဖြစ်သလို ခြေကလည်း ကောင်းမွန်နေပါတယ်။ အက်စ်ပန်ညိုတို့အမြင့်ဆုံး သရေလောက်ပဲရမယ်။

**အီဘား - ဗီလာရီးယဲလ် ည ၁၀း၄၅ (၃-၄-၁၆)**

ဗီလာရီးယဲလ်ဟာ အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်း အနည်းငယ် ကျဆင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက်အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် လက်ရှိအချိန်မှာလည်း ဗီလာရီးယဲလ်ဟာ ချန်ပီယံလိဂ်ဝင်ခွင့် နေရာမှာရှိနေသေးတာကြောင့် အဆိုပါနေရာတည်မြဲရေးအတွက် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါ့အပြင် အီဘားရဲ့ရှန်းအားက ဗီလာရီးယဲလ်ကို အသာရဖို့ခက်တာကြောင့် ဗီလာရီးယဲလ်ပဲ အနိုင်ပြန်ရမှာပါ။

**ဆီဗီလာ - ဆိုစီဒက် နံနက် ၁း၀၀ (၄-၄-၁၆)**

ဆီဗီလာက အခုနောက်ပိုင်းပွဲတွေမှာ ခြေကတည်ငြိမ်မှု အနည်းကျဆင်းလာပေမယ့် အိမ်ကွင်းပွဲတွေမှာဆိုရင်တော့ ကစားပုံကောင်းမွန်တတ်ပါတယ်။ လက်ရှိအချိန်မှာလည်း ဆီဗီလာဟာ ဥရောပဝင်ခွင့် မျှော်လင့်နေနိုင်တာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့် ဆီဗီလာတို့ ပိုမိုအခွင့်သာနေကာ နိုင်ပွဲလည်းရသွားနိုင်ပါတယ်။

# တာချီလိတ်-ကျိုင်းတုံသွားလမ်းပေါ်ရှိ ရန်ရှင်းကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားရာ ယာဉ်မောင်းသေဆုံး



**တာချီလိတ် မတ် ၂၉**

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်းကျေးရွာအနီး တာချီလိတ် - ကျိုင်းတုံသွား လမ်းမပေါ်ရှိ မတ် ၂၈ ရက် ညနေ ၅ နာရီခွဲခန့်က Vigo အမျိုးအစား မော်တော်ယာဉ်တစ်စီး အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား ဝင်တိုက်မှုဖြစ်ပွားရာ Vigo ယာဉ်မောင်းနှင်လာသူမှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာလေမြို့ဘက်မှ တာချီလိတ်မြို့ဘက်သို့ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်နေ ဦးစိုင်းခမ်းမတ် မောင်းနှင်လာသည့် Vigo အမျိုးအစားယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားအတိုင်း ပေ ၂၀၀ ခန့် အရှိန်လွန်သွားခဲ့ပြီး လမ်းမပေါ်သို့ပြန်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ တာချီလိတ်မြို့ဘက်မှ တာလေမြို့ဘက်သို့ မလှိုင်မြို့နယ် ဆည်တိုကျေးရွာအုပ်စု ဆည်ကွဲကျေးရွာနေ ဦးကျော်မျိုးဟိန်း မောင်းနှင်လာသည့် 6F/--- Mitsubishi ROSA Bus အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်၏ ရှေ့ခေါင်းဝဲဘက်ခြမ်းအား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တာချီလိတ်မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်ကိုကိုဦးစီးသည့် တပ်ဖွဲ့ဝင်များက စစ်ဆေးရာ Vigo ယာဉ်မောင်း ဦးစိုင်းခမ်းမတ်မှာ အခင်းဖြစ်ပွားရာတွင် သေဆုံးပြီး ယာဉ်ပေါ်အတူပါလာသည့် ဒေါ်နန်းပတ်မှာ နဖူးပွန်း၊ နှာခေါင်းယာဘက်ပေါက်ပြဲ၊ ဦးအိုက်အွပ်မှာ ဝဲပေါင်ကျိုးဒဏ်ရာနှင့် ဒေါ်နန်းနွန်းမှာ ယာနဖူးပေါက်ပြဲ၊ ဝဲခြေသလုံးပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သည်။

ထို့အတူ ဦးကျော်မျိုးဟိန်း မောင်းနှင်လာသည့် (တာချီလိတ်-မိတ္ထီလာ) ခရီးသည်တင် မော်တော်ယာဉ်ပေါ်မှ ခရီးသည်များဖြစ်သည့် မပန်းအိလှိုင်၊ မခင်မမ၊ မခင်ရတီထွန်း၊ ကိုရန်နိုင်နှင့် မဝါဝါစိုး (မစိုးရိမ်ရ) တို့ငါးဦးမှာ ဒဏ်ရာများအသီးသီး ရရှိခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ဘိန်းဖြူများနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၉**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက်က နမ့်ခမ်းမြို့နယ် လွယ်ချက်ကျေးရွာအဝင် တောစပ်တွင် လမ်းလျှောက်လာသူ ရန်ကြားဝမ်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၆၈ ခွက် (အလေးချိန် ၈၁၆ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၈၂၀၀ တို့ကို သိမ်းဆည်းရမိသည်။ အလားတူ ယင်းနေ့က တောင်ကြီး-မိတ္ထီလာကားလမ်း ဟဲဟိုးမြို့အနီး မိုင်တိုင်အမှတ်(၉၈)တွင် စိုးသူ မောင်းနှင်လာသည့် 5F/--- NISSAN ယာဉ် ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀၀ ကိုလည်းကောင်း၊ နမ့်ခမ်းမြို့ သာယာကုန်းရပ်လမ်းမပေါ်တွင်တွေ့ရှိသူ ညီသန်းထွန်းအား ရှာဖွေရာ ဘိန်းဖြူ ၇ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၁၃ ပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## စဉ့်ကိုင်မြို့နယ်၌ မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**စဉ့်ကိုင် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ကားဆိပ်ရပ် လမင်းငါးရှဉ့်ပွဲရုံတွင် မီးအားမြှင့်စက်အပူလွန်ကဲရာမှ ယနေ့နံနက် ၃ နာရီခွဲက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကိုင်မြို့နယ်ပလိပ်ကားဆိပ်ရပ်နေ ဦးစိုးအောင်(လမင်းငါးရှဉ့်ပွဲရုံ) အာစီနှစ်ထပ်ကြမ်းခင်း၊ သွပ်မိုးနေအိမ်အောက်ထပ်ရှိ မီးအားမြှင့်စက်(၁၅)ကေဗွီမှာ အပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ပြီး အိမ်၏မြောက်ဘက် အလျား ၁၅ ပေ၊ အနံ ပေ ၃၀ ရှိ ထရံကာပျဉ်ခင်း နှစ်ထပ်အဆောင်အား မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ပလိပ်ရဲတပ်ရင်း(၁၄)မှ တပ်ရင်းမှူး ဒုရဲမှူးကြီးမြတ်ကျော်သူ ဦးစီးအင်အား ၂၀၊ စဉ့်ကိုင်မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အင်အား ၃၀၊ ပလိပ်၊ စဉ့်ကိုင်၊ တဘတ်ဆွဲကျေးရွာများမှ အရန်မီးသတ် ၅၀၊ ပလိပ်နယ်မြေရဲစခန်းမှ ရဲအုပ်စိုင်း ဝဏ္ဏအောင်ဦးနှင့်တပ်ဖွဲ့ဝင် ၁၁ ဦး၊ မီးသတ်ယာဉ် ခုနစ်စီးတို့ဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်မှုကြောင့် အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ အာစီနှစ်ထပ်ကြမ်းခင်း သွပ်မိုး၊ တိုက်တစ်လုံး၊ အလျား ၁၅ ပေ၊ အနံပေ ၃၀ ရှိ ထရံကာပျဉ်ခင်းနှစ်ထပ်ဆောင်တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

ooo


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက်၏ သတင်းထုတ်ပြန် ကြေညာချက်အရ ၂၀၁၄-၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀)ဦး အနက်မှ "ကမ္ဘောဇဘဏ်လီမိတက်"သည် "ပထမနေရာ"မှ ဝင်ငွေခွန်အများဆုံး (၄)နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရပါသဖြင့် ကမ္ဘောဇဘဏ်လီမိတက်၏ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူ မိပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ပင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်၍ နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုး တိုး၍တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်လိုက်ပါသည်။

ဦးသူရိန်(မန်နေဂျင်းဒါရိုက်တာ)

**Shwe Naga Minn Co.,Ltd.**

## ကျွန်းစုမြို့နယ်အတွင်းရှိကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**မြိတ် မတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၀၂ ဒသမ ၂၂၄ သန်းဖြင့် ဒေသခံပြည်သူများအတွက် လမ်း၊ တံတား၊ မီးလင်းရေး၊ ရေပေးရေးနှင့် သန့်စင်ခန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ်လ ၂၈ ရက် နံနက် ၉ နာရီခွဲ က ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျွန်းစုမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကတ္တလူကျေးရွာအုပ်စု ကတ္တလူကျေးရွာတွင် လမ်းအရှည် (၀/၂ ဒသမ ၁၈ မိုင်) ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၃၁ ဒသမ ၇၂၄ သန်းဖြင့်လည်းကောင်း၊ ရေကန်အော်ကျေးရွာ၌ အရှည်ပေ ၂၄၀ ရှိ ဆိပ်ခံတံတား ကွန်ကရစ်တိုင် သစ်သားခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၁၅ သန်းဖြင့်လည်းကောင်း၊ ကော့ကနင်း၊ ဖိနပ်ကျွန်း၊ တောကာ၊ မစမ်းပါး၊ ချောင်းကြီး၀ ကျေးရွာတို့၌ ကျေးလက်မီးလင်းရေးအတွက် ဆိုလာပြား ၅၀၈ စုံ တန်ဖိုးငွေကျပ်သန်း ၉၉ ဒသမ ၆ သန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီး၍ ဒေသခံပြည်သူများ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မရွှေဦး၊ မန္တယ်၊ တောပြား၊ မောင်းလှော်၊ ပွဲ့တိုင်၊ ဆီဒုံး၊ မိုင်းသွေး၊ ကံမော်၊ တောကာကျေးရွာတို့၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လက်တူးတွင်း၊ တွင်းတိမ်၊ စိမ့်စမ်း လုပ်ငန်းကိုးခုအတွက် ငွေကျပ်သန်း ၁၀၀ နှင့် သဲချောင်း၊ အုတ်ဖိုမော်၊ မရမ်းချောင်း၊ ကဘင်းချောင်း၊ ရေကန်အော်၊ တောနောက်လယ်၊ ကတ္တလူ၊ စခန်းသစ်၊ ညောင်ဘီး၊ ကမ်းကြီး၊ ပွဲ့တိုင်၊ မိုင်းသွေး၊ ဒုံးပုလဲအော်ကျေးရွာများ၌ လေးခန်းတွဲသန့်စင်ခန်း ၁၃ လုံးအတွက် ငွေကျပ် ၅၅ ဒသမ ၉ သန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ အဆင်ပြေအသုံးပြုလျက်ရှိကြောင်း စခန်းသစ်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။ **မြင့်ဦး(မြိတ်)**

## ရေးမြို့၌ အနေးယာဉ်ဆိုက်ကားနင်းလုပ်ကိုင်သူများ သင်္ကြန်ကာလနီးကပ်လာ၍ လုပ်ငန်းများအဆင်ပြေ

**ရေး မတ် ၂၉**

မွန်ပြည်နယ် ရေးမြို့ရှိ အနေးယာဉ်ဆိုက်ကားနင်းသူအများအပြားမှာ မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကာလ နီးကပ်လာသည်နှင့်အမျှ မြသီတာဈေးနှင့်အောင်သီတာဈေး၌ ဆိုက်ကားနင်းသူများမှာ အလုပ်အကိုင်အဆင်ပြေလာနေကြကြောင်း သိရသည်။



"အရင်တုန်းက လူတစ်ယောက်ကို ကျပ်၂၀၀ ကနေ ဒီနေ့အချိန်အခါမှာတော့ ကျပ်၅၀၀ အထိ ရကြပါတယ်။ ဈေးတွေအမိုပြုပြီးဆွဲရတဲ့အတွက် ဈေးပစ္စည်းများကိုလည်း တင်ပို့ပေးရတဲ့အခါ အနည်းဆုံးကျပ် ၃၀၀၀ မှ အဆွဲများတဲ့နေ့တွေမှာ ကျပ်၆၀၀၀ အထိ ရကြပါတယ်။ နောက်ပြီး သင်္ကြန်ကာလ နီးလာတာရယ်၊ အခြားဝါကျွတ်ကာလတွေ အလှူအတန်းများတဲ့လတွေနဲ့ ဒေသထွက်ရာသီပေါ် သီးနှံပေါ်ချိန်တွေမှာ ပိုမိုအဆွဲရပြီး လုပ်ကိုင်ရကြောင်း နှစ်ပေါင်း ၂၁ နှစ်ခန့် ဆိုက်ကားနင်းသူ ဦးကျော်မြင့်က ပြောသည်။

အဆိုပါဆိုက်ကားနင်းသူများမှာ မြို့ပေါ်ရပ်ကွက် လူစည်ကားရာနေရာများတွင် ဂိတ်အဖြစ်ပြေးဆွဲလာရာ ဆိုက်ကားနင်းလုပ်ကိုင်သူ ၄၀၀ခန့်ရှိရာမှ ဆိုင်ကယ်တက္ကစီဂိတ်အများအပြားရှိသည့်အပြင် နယ်ကားများမှာလည်း အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်းကြောင့် ယနေ့အချိန်တွင် ဆိုက်ကားနင်းသူများမှာ ၄၀ ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ဘာသာရေး၊ လူမှုရေးလုပ်ငန်းများတွင်လည်း အနေးယာဉ်လုပ်သားများအနေဖြင့်လည်း တစ်နေ့တာ လုပ်အားဒါန ကောင်းမှုကုသိုလ်ယူပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

## ငါ့သရောက်မြို့၌ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရန် ရပ်ကွက်လမ်းများအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်

**ငါ့သရောက် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်၌ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ရာသီမရွေးသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၁၄၄ သိန်းဖြင့် ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက် ဗိုလ်ချိုဈေးအနီးမှ အမှတ်(၄)သိမ်တော်ရပ်ကွက်သွား မြေသားလမ်းအရှည်ပေ ၁၀၆၅ ပေခန့်အား ကျောက်ချောမြေနီလမ်းအဆင့်သို့ တိုးမြှင့်ခင်းကျင်းခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဦးသက်နိုင်လင်းဦးဆောင်၍ ဝန်ထမ်းများက မတ်လဒုတိယပတ်က စတင်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။



ယင်းသို့ဆောင်ရွက်ရာတွင် ငါ့သရောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်လင်းဦးဆောင်၍ ဝန်ထမ်းများက အမှတ်(၂) ဈေးကုန်းရပ်ဗိုလ်ချိုဈေးအနီးမှ အမှတ်(၄) သိမ်တော်ရပ်ကွက်သွားမြေသားလမ်းကို လမ်းအကျယ် ၁၈ ပေ လမ်းချဲ့ခြင်းလုပ်ငန်းများနှင့် ကျောက်ချောမြေနီလမ်းအကျယ် ၁၂ ပေ ကျောက်ချောခင်းခြင်းလုပ်ငန်းများကို မတ်လ ဒုတိယပတ်ကစတင်၍ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီးမှု ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းအပြင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ သွားလာရေးအဆင်ပြေစေရန် လုပ်ငန်းများအမြန်ပြီးစီးနိုင်ရေးအတွက် ငါ့သရောက်မြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းများကွင်းဆင်းစစ်ဆေး

**မော်လမြိုင် မတ် ၂၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မော်လမြိုင်ခရိုင်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတို့တွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ကော်မတီဝင်များ၏ ငွေစာရင်းဇယားများ ထိန်းသိမ်းထားရှိမှုများအား မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် ရုံးဝန်ထမ်းများက မတ် ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ကျေးလက်)**

## Lift Fund ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ စစ်ဆေးဆောင်ရွက်ခြင်း

**ကျိုက်မရော မတ် ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကျိုက်မရောမြို့နယ်အတွင်း Lift Fund ကျေးရွာများဖြစ်သော ကလိုင်း ကနိုင်ကျေးရွာ၊ ကျုံစိန်ကျေးရွာ၊ လွှစင်ကုန်းကျေးရွာ၊ အတ္ထရံကျေးရွာနှင့် ရေပူကော့စပ်ကျေးရွာများသို့ ကျေးရွာ တစ်ရွာလျှင် ကျပ်သိန်း ၅၀ နှုန်းခွင့်ပြုပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား မတ် ၂၄ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## ကော့သောင်းခရိုင်တွင် ၂၀၁၆ ခုနှစ် နွေရာသီအားကစားသင်တန်းဆင်းပွဲများ ကျင်းပ

**ကော့သောင်း မတ် ၂၉**

ကော့သောင်းခရိုင် ၂၀၁၆ ခုနှစ် နွေရာသီအားကစားသင်တန်းဆင်းပွဲ စားပွဲတင်တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လ ၂၇ ရက် နံနက် ၉ နာရီက ခရိုင်အားကစားခန်းမ၌ ကျင်းပရာ ကော့သောင်းမြို့နယ် လက်ထောက်ပညာရေးမှူး ဦးစောမြင့်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ရှေးဦးစွာ သင်တန်းဆင်းအားကစားနည်းများဖြစ်သည့် ဂျူဒို၊ ကရာတေး၊ ဝူရှူး၊ မြန်မာ့သိုင်းနှင့် မြန်မာ့ရိုးရာခြင်းလုံး သင်တန်းဆင်း သင်တန်းသားများက အဖွဲ့အလိုက် စွမ်းရည်ပြ သရုပ်ဖော်ကစားကြပြီး တာဝန်ရှိသူများက အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများတွင် ထူးချွန်ဆုရအားကစားသင်တန်းသား၊ သင်တန်းသူများအား ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် မြို့နယ်အဆင့် စားပွဲတင်တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ နွေရာသီအားကစားသင်တန်းများတွင် နိုင်ငံတကာအားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဘောလီဘော၊ မြန်မာ့ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ဝူရှူး၊ ကရာတေးနှင့် မြန်မာ့သိုင်းအားကစားနည်းများအား နွေရာသီကျောင်းပိတ်ရက်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျကျွမ်းကျင်စွာ တတ်မြောက်ပြီး နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သည့် အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ ကျွမ်းကျင်သင်တန်းနည်းပြဆရာများက သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# ရခိုင်သားတို့၏သင်္ကြန်အကြိုပွဲ (နံ့သာသွေးပွဲ)




ဒ ကျွန်းသားမင်း

တပေါင်းလရောက်သည်နှင့် သင်္ကြန်၏ အငွေ့အသက်တို့ကို ခံစားနေရပြီ။ တန်ခူးလတွင် ကျရောက်မည့်သင်္ကြန်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ကြ၊ လှုပ်ရှားနေကြပြီ။ သင်္ကြန်သံချပ်သံများ၊ သင်္ကြန်တေးသီချင်းသံများကို ကြားနေကြရပြီ။ သင်္ကြန်တေးသီချင်း၊ သင်္ကြန်သံချပ်ဆိုသည်ကလည်း အရသာတစ်မျိုး။ သင်္ကြန်တေးသီချင်းသံကြောင့် တက်ကြွလာသည်တော့မဟုတ်။ သို့ရာတွင် ကြည်နူးလန်းရွှင်မှုရှိလာသည်။ လေးလံထိုင်းမှိုင်းနေသောစိတ်တို့ လန်းဆန်းတက်ကြွမှုရှိလာသည်။ ဒေါသ၊ မာနကြောင့် တက်ကြွသည့် စိတ်ကြွသည့်စိတ်မျိုးမဟုတ်။ ပီတိဖြင့် ကြည်နူးတက်ကြွမှုမျိုးဖြစ်သည်။

သင်္ကြန်သီချင်းသံကိုကြားတော့ ခြေတို့လက်တို့မရိုးမရွဖြစ်လာသည်။ ငယ်စဉ်က သင်္ကြန်သံချပ်၊ တေးသီချင်းသံနှင့်အတူ ယိမ်းကာ၊ နွဲ့ကာ ကခဲ့သည်များကိုသတိရလာသည်။ အသက်ကြီးလာပြီဖြစ်သည့်တိုင် သင်္ကြန်သံချပ်နှင့် သင်္ကြန်တေးသီချင်းက စာရေးသူ၏စိတ်အလျဉ်ကို နိုးထနိုင်နေဆဲဖြစ်သည်။ စာရေးသူတို့ ငယ်စဉ်ငယ်တုန်းကတော့ ဆိုင်းသံ၊ ဗုံသံများဖြင့် ဝေစည်နေသည့် သင်္ကြန်ပွဲတော်ဖြစ်သည်။ ယခုတော့ အသံချဲ့စက်မှလွင့်ပါလာသည့် ဗီစီဒီခွေတေးသီချင်းများကို ကြားနေရသည်။ ရယ်ဒီမိတ်တေးသီချင်းတွေ သံချပ်တွေဖြစ်ပါ၏။ သီချင်းများကတော့ သင်္ကြန်နှင့်ဆိုင်သည်မဆိုင်သည် အပထား။ လှုပ်လှုပ်ရှားရှား မြူးမြူးကြွကြွဖြင့်ကနိုင်လျှင်ပင် သင်္ကြန်နှင့် အသုံးတည့်နေကြပြီ။

သင်္ကြန်-သင်္ကန္တဟူသည် စကားနှင့်အညီပင် တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းသည့် အချိန်အခါကို သင်္ကြန်ဟု ဆိုကြသည်။ သင်္ကြန်ကာလတွင် နှစ်သစ်ကိုကြိုဆိုသောအားဖြင့် မြန်မာတို့သည် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြသည်။ အရပ်ရပ်အနယ်နယ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကိုကြိုဆိုသည့် သင်္ကြန်ပွဲတော်ကို ဝှဲချီးဆင်ယင် သဘင်ခင်းကျင်း ပျော်ပါးခြင်းစုံစွာဖြင့် ကျင်းပကြသည်။ နံ့သာရည်စွက်သောရေအေးအေးဖြင့် မေတ္တာထုံမွှမ်းထားသောရေစင်ဖြင့် ရေပက်ဖြန်းကာ၊ ကြည်လင်ချမ်းမြေ့စေလိုသော၊ အေးမြစေလိုသော ဆန္ဒစေတနာဖြင့် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြသည်။ သပြေခက်နှင့် ရေပက်ဖြန်းကြသည်။

နှစ်သစ်တွင် အားလုံးသော အပေါင်းအသင်းဆွေသဟာတို့ ဘေးဘယာတို့ ကင်းစင်ပပျောက်၍ ကြည်လင် အေးမြစေရန် ရည်ရွယ်သည့် သဘောဖြစ်၏။ မြန်မာတို့တွင် (၁၂)လရာသီပွဲတော်များရှိသည်။ ထိုအထဲမှ အတာသင်္ကြန်ရေကစားပွဲကား မြန်မာတို့၏ အလေးမြတ်ထားရာ ပွဲတော်တစ်ခု လည်းဖြစ်သည်။

နှစ်ဟောင်းအညစ်အကြေးများကို ဆေးကြောသန့်စင်၊ ရေစင်ပက်ဖြန်း၊ အပြုံးပန်းတို့ဖြင့် ပွင့်လန်းဝေဖြာ၊ အတာအကူး၊ လတန်ကူး၏ ကြည်နူးဖွယ်ရာမြင်ကွင်းများအနက် နှစ်သက်ဂုဏ်ယူ၊ တမူကွဲပြား၊ ရခိုင်သားတို့၏ပွဲတော်မှာမူ မည်သည့်အခါမျှ ရိုးအီမသွား။ ဆန်းပြားသစ်လွင်လျက်ရှိသည်ကို တွေ့ကြရပါ၏ ။

**ရခိုင်သင်္ကြန်အကြိုပွဲ**

ရခိုင်ယဉ်ကျေးမှုအစဉ်အလာအရ သင်္ကြန်မကျမီ သင်္ကြန်အကြိုပွဲဆိုတာရှိသည်။ ၎င်းသည်မှာ သင်္ကြန်မကျမီ အညစ်အကြေးများကိုဆေးကြောသန့်စင်ခြင်းဖြစ်သည်။ ဘုရားကျောင်းကန် စေတီ ပုထိုးများသို့ သွားရောက်၍ လှဲကျင်းသန့်စင်ခြင်း၊ ဆေးကြောရေသပ္ပာယ်ခြင်း၊ ဗုဒ္ဓဆင်းတုများကို ရောင်တော်ဖွင့်ခြင်းစသည်ဖြင့် ကုသိုလ်ယူလေ့ရှိကြသည်။

**မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ သင်္ကြန်ပွဲတော်ကို ရခိုင်တို့ကနံ့သာသွေးခြင်း၊ ဘုရားရေ သပ္ပာယ်ခြင်းဖြင့် ဖွင့်လှစ် တတ်ကြသည်။ ဘုရားရေသပ္ပာယ်ပြီးမှသာ တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြသည်။**

**သင်္ကြန်ကာလ၏ နောက်ဆုံးရက်တွင်တော့ သက်ကြီးဘိုးဘွားရွယ်အိုတွေကို ကန်တော့ခြင်းဖြင့် သင်္ကြန်၏ နောက်ဆုံးပိတ်ပွဲကို ပြုလုပ်လေ့ရှိ**

အမွှေးနံ့သာများဖြင့် ပက်ဖြန်းပူဇော်လေ့ ရှိကြသည်။ မိမိတို့နေထိုင်သည့်နေအိမ်များကိုလည်း အတွင်းအပြင်သန့်ရှင်းခြင်း၊ အိမ်ဦးဘုရားခန်းမှ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ရေသပ္ပာယ်ကြသည်။ သင်္ကြန်ကာလတွင် သင်္ကြန်အကြိုနေ့၊ သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့၊ သင်္ကြန်အတက်နေ့များရှိကြရာ ဘုရားရေသပ္ပာယ်ရန် နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်စသည့် အမွှေးနံ့သာများကို တစ်ပျော်တစ်ပါးသွေးခြင်းဖြင့် နံ့သာသွေးခြင်း၊ နံ့သာသွေးပွဲများကို သင်္ကြန်အကြိုနေ့ညတွင် ပြုလုပ် ကျင်းပလေ့ရှိကြသည်။

ကတော့ ရှေးမူမပျက်သေး။ သင်္ကြန်အကြိုညတွင်နံ့သာသွေးကြ၊ စုဝေးကြမြဲရှိသေးသည်။

နံ့သာသွေးပွဲ၏မြင်ကွင်းလည်း ကျေးလက်၊ ရပ်ကွက်ရွာလယ်ခွင်ဆုံမှ စင်မြင့်ပေါ် ရောက်ရှိလာခဲ့သည်ကိုလည်း တွေ့ရသည်။ နံ့သာသွေးပွဲဟူသည်က ကောင်းမွန်မြင့်မြတ်သည့် ယဉ်ကျေးမှု ဓလေ့ထုံးစံတစ်ခုဖြစ်သည်။ သင်္ကြန်အကြိုညတွင် နံ့သာသွေးကြမည်။ သွေးပြီးနံ့သာရည်များကို စနစ်တကျစုဆောင်းသိမ်းဆည်းထားပြီး သင်္ကြန်အကျနေ့တွင် ဘုရားကျောင်းကန်များသို့ သွားရောက်ကာ ဘုရားပုထိုးတွေ ရေသပ္ပာယ်ကြမည်။ ကျောင်း

နံ့သာသွေးပွဲ။ သင်္ကြန်အကြို ညတွင် ကျင်းပပြုလုပ် လေ့ရှိကြသည်။ ကျေးလက်ဒေသများတွင် ရွာလယ်ခွင်ဆုံမှာ အတီးအမှုတ်အကအခုန်တွေ အကျွေးအမွေးတွေနှင့် တစ်ပျော်တစ်ပါးစုရုန်း နံ့သာသွေးတတ်ကြသည်။ မိမိတို့နေအိမ်များမှ သနပ်ခါး ကျောက်ပျဉ်တွေ သယ်ယူလာကြမည်။ နံ့သာကရမက်တွေ ယူဆောင်လာကြမည်။ ပြီးတော့ တစ်ပျော်တစ်ပါး စုဝေးကာ နံ့သာသွေးကြခြင်းဖြစ်သည်။ ရွာမှကာလသားငယ် သမီးငယ်တို့၏ပွဲ လည်းဖြစ်သည်။ ကာလသားလူငယ်များက အတီးအမှုတ်အကအခုန်များနှင့် ကကြ၊ ခုန်ကြ။ သီချင်း တွေဆိုကြ။ ကာလသမီးငယ်တို့ကတော့ နံ့သာသွေးကြမည်။ ကာလသမီးငယ်များ၏ အပြုံးတစ်ချက် အပွင့်တွင် ရင်ခုန်လှိုက်မောကာ မျက်လုံးတစ်ချက်အဝင်တွင် ကာလသားလူငယ်တို့ နှလုံးပီတိဂွမ်းဆီထိ သို့ကြည်နူးခဲ့ကြရသည်ပဲ။

ငယ်ငယ်တုန်းကတော့ စာရေးသူတို့လည်း သင်္ကြန်အကြိုညများတွင် ကခဲ့ကြ၊ ခုန်ခဲ့ကြ၊ ကြည်နူးခဲ့ကြဖူးသည်။ မြတ်နိုးသူ၏မျက်လုံးတစ်ချက်အဝင့်တွင် ပင့်သက်ဖြာချ ရင်ခုန်ခဲ့ရဖူးသည်။ ကြည်နူးစရာပွဲတွေပဲ။ သင်္ကြန်အကြိုညများကလဲ ပြောင်းလဲခဲ့ပြန်ပြီ။ ရယ်ဒီမိတ်တေးသီချင်းများဖြင့် ခုန်ပေါက်ကခုန်နေကြသည်များကို မြင်နေကြရသည်။ သူခေတ်နှင့် သူ့ကာလပေကို။ နံ့သာသွေးသည့် လုံမငယ်တို့ဝင်းအတွင်း ဥပစာမြေများမှ အမှိုက် သရိုက်တွေရှင်းလင်းကြ၊ ဘုရားကျောင်းဆောင်တွေကို ဆေးကြောမည်။ အကြိုကသွေးယူထားသည့် နံ့သာရည်များဖြင့် ပက်ဖြန်းပူဇော်ကြမည်။ သင်္ကြန်အကြိုညသည် ကုသိုလ်ဒါနအတွက်ရည်စူး၍ ပြုလုပ်သည့်ပွဲလည်းဖြစ်သည်။ အပျော်အပါးသက်သက်တော့မဟုတ်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟုဆိုသည့် ခံယူချက်ဖြင့် ရခိုင်တို့၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားရေး လက္ခဏာရပ်များ ပျောက်ကွယ်မသွားစေရေးအတွက် နံ့သာသွေးပွဲများမှ လုံမငယ်တို့မှာ သူနိုင်ငါနိုင်အပြိုင်ကြဲကာ နံ့သာသွေးကြသည်မှာလည်း ကြည်နူးစရာတစ်ခုဖြစ်သည်။ ဆင်တူဝတ်ဆင်ထားကြသည့် လုံမငယ်တို့၏ အလှကလည်း စွဲငြိစရာ။ နံ့သာသွေးပြိုင်ပွဲခဏအနားတွင် သင်္ကြန်ပျိုဖြူလုံမငယ်တို့ကလည်း သင်္ကြန်တေးသံဝေစည်သီဆိုရင်း ပြိုင်ပွဲလာသူများအား ဧည့်ခံဖြေဖျော်ပေးကြသည်။

စာရေးသူကတော့ သင်္ကြန်အကြိုညတွင် ကခဲ့ခုန်ခဲ့သည်ကို သတိရနေမိတော့သည်။ ဟိုးတုန်းကတော့ သင်္ကြန်ပွဲတော်တွင် ကိုကိုတို့ကခဲ့ကြပါ၏။ အခုတော့ မမတို့လည်း ကကြခုန်ကြပြီ။

မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ သင်္ကြန်ပွဲတော်ကို ရခိုင်တို့ကနံ့သာသွေးခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းဖြင့် ဖွင့်လှစ်တတ်ကြသည်။ ဘုရားရေသပ္ပာယ်ပြီးမှသာ တစ်ဦးနှင့်တစ်ဦး ရေပက် ကစားကြသည်။ သင်္ကြန်ကာလ၏ နောက်ဆုံးရက်တွင်တော့ သက်ကြီးဘိုးဘွားရွယ်အိုတွေကို ကန်တော့ခြင်းဖြင့် သင်္ကြန်၏ နောက်ဆုံးပိတ်ပွဲကို ပြုလုပ်လေ့ရှိတတ်ကြသည်။

သင်္ကြန်ပွဲတော်မှာ နိုင်ငံတော်၏ပွဲတော်လည်းဖြစ်သည်။ ဒေသအကြီးအကဲများက ပျော်ပျော်ပါးပါးသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်သည့် အခမ်းအနားကိုကျင်းပကြသည်။ အဆို၊ အကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ် ကခုန်ကာ သပြေခက်ဖြင့် ရေပက်ကြသည်။ အပြုံးတုန့်လှယ်ရင်း ဘဝအမောများကို ခဏတာမျှ မေ့ပျောက်နိုင်ကြသည်။

ရခိုင်ဒေသတွင်လည်း နံ့သာသွေးခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းများပြုလုပ်ပြီးမှသာ သင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပလေ့ရှိကြသည်။ အရိုးကိုအရွက်မဖုံးစေသည့်သဘော။ သင်္ကြန်အကြိုနံ့သာသွေးပွဲ၊ ဘုရားရေချိုးပွဲ၊ လှေလောင်းနှင့်ရေကစားခြင်းစသည် အမျိုးသားရေးလက္ခဏာများကို သင်္ကြန်ရက်များတွင် တွေ့မြင်ရသေးသည့်အတွက်တော့ ကြည်နူးပီတိဖြစ်ရသေးသည်။ မြန်မာလူမျိုးတို့၏ နှစ်တစ်နှစ်၏အဆုံးနှင့် အစသည် ပျော်စရာ၊ ကြည်နူးစရာတို့ဖြင့် မွှမ်းထုံနေလေသည်။

**ကာလသားလူငယ်များက အတီးအမှုတ်အကအခုန်များနှင့် ကကြ၊ ခုန်ကြ။ သီချင်းတွေဆိုကြ။ ကာလသမီးငယ်တို့ကတော့ နံ့သာသွေးကြမည်။ ကာလသမီးငယ်များ၏ အပြုံးတစ်ချက် အပွင့်တွင် ရင်ခုန်လှိုက်မောကာ မျက်လုံးတစ်ချက်အဝင်တွင် ကာလသားလူငယ်တို့ နှလုံးပီတိဂွမ်းဆီထိသို့ ကြည်နူးခဲ့ကြ**



# မိုးစပါး၊ နွေစပါးရာသီတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်

**ပဲခူး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက် နံနက် ၉နာရီခွဲက ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် မိုးစပါး၊ နွေစပါး ရာသီတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အဖွင့်အမှာ စကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က ဆုရွေးချယ်ခြင်းနှင့် ဆုပေးရသည့် အကြောင်းအား ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများက တောင်သူဆု မိုးစပါး GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးမြို့နယ်ဆု၊ မိုးစပါးပုလဲသွယ် စိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးစေ့ဖိုး ငွေကျပ်သိန်း ၄၅၀ အထက် ကောက်ခံပေးသွင်းမှုအကောင်းဆုံး မြို့နယ်ဆု၊ ငွေကျပ်သိန်း ၂၅၀အထက် ကောက်ခံပေးသွင်းမှုအကောင်းဆုံး မြို့နယ်ဆု၊ မိုးစပါး၊ နွေစပါးပုလဲသွယ် စိုက်ပျိုးထုတ်လုပ်မှု လျာထားချက် ကျော်လွန်စွာ စိုက်ပျိုးမှုအကောင်းဆုံးမြို့နယ် ဆု၊ မိုးစပါး စံပြကွက်စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး ဝန်ထမ်းဆု၊ မိုးစပါး စမ်းသပ်ကွက် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး ဝန်ထမ်းဆု၊ မိုးစပါးပုလဲသွယ် မျိုးစေ့ဖြန့်ဖြူးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဝန်ထမ်းဆု၊ နွေစပါးပုလဲသွယ် မြို့နယ်လုံးကျွတ် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး ဝန်ထမ်းဆု၊ သင်တန်းထူးချွန်ဝန်ထမ်းဆုနှင့် ဘက်စုံဝန်ထမ်းထူးချွန်ဆု ရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၅-၂၀၁၆ ခုနှစ်၌ မိုးစပါးဧက ၂၇၆၀၀၀၀ ကျော်၊ နွေစပါးဧက ၂၇၀၀၀၀ခန့် စုစုပေါင်း ဧကသိန်း ၃၀၃၀၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်ပြီး အထွက်နှုန်းအားဖြင့် ၇၈ ဒသမ ၁၄တင်း နှုန်း ထွက်ရှိလျက်ရှိသောကြောင့် တစ်နိုင်ငံလုံး စပါးထုတ်လုပ်မှု၏ ငါးပုံ တစ်ပုံနီးပါးကို တာဝန်ယူဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှု ၂၈၇ ရာခိုင်နှုန်းရှိနေပြီး စပါးတစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်ထွက်ရှိစေမည့် နည်းလမ်းမျိုးစုံကို ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ခြင်း၊ အထွက်ကောင်းနှင့် အဆင့်မြင့်မျိုးသန့်ဇုန်များ ဆောင်ရွက်ခြင်း၊ မျိုးသန့်စံပြရွာများ ဆောင်ရွက်ခြင်း၊ စံပြကွက်များ ဆောင်ရွက်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်း (GAP) ဖြင့် စိုက်ပျိုးခြင်း၊ ပုလဲသွယ်နှင့် GWI စပ်မျိုး စပါးမျိုးများ စိုက်ပျိုးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ခြံတာဝန်ခံများနှင့် ဆုရတောင်သူများတက်ရောက်ကြသည်။ **(၅၈၈)**

# မြစ်သားမြို့ တောင်သူဦးကြီးများအတွက် အခြေခံတိရစ္ဆာန် မွေးမြူရေးသင်တန်းဖွင့်

**မြစ်သား မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးရွာတောင်သူဦးကြီးများအတွက် အခြေခံတိရစ္ဆာန် မွေးမြူရေးသင်တန်းကို မတ်၂၈ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာတင်မောင်လင်း (တိ/ကု) က ယခုတောင်သူများ တွေ့ကြုံနေရသော တိရစ္ဆာန်များ၏ ကူးစက်ရောဂါများနှင့်ပတ်သက်၍ ရောဂါလက္ခဏာများ၊ ကာကွယ်နည်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ မွေးမြူရေးအစားအစာများအကြောင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေဆိုင်ရာများ ပို့ချဆွေးနွေးခဲ့ကြောင်းသိရသည်။

ယင်းသင်တန်းသို့ တက်ရောက်လာကြသော တောင်သူဦးကြီးများကလည်း ၎င်းတို့ ကြုံတွေ့နေရသော အခက်အခဲများကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သင်တန်းကို မတ် ၂၈ မှစ၍ ၃၀ ရက်ထိ ပို့ချဆွေးနွေးပြီး ကျေးရွာပေါင်းစုံမှ တောင်သူ ၃၀ ဦး တက်ရောက်ခဲ့သည်။ **ရဲဝင်းထွန်း(မြစ်သား)**

# ကြည့်မြင်တိုင်မြို့နယ်၌ အယ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း အလတ်ချောင်းရပ်ကွက် အလတ်ချောင်း-ချောင်းဝဘုန်းတော်ကြီးကျောင်းတိုက်ရှိ စိတ္တသုခအရုဏ်ခံတန်ဆောင်းကြီးအတွင်း၌ အယ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ်၂၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလင်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဦးတင်အောင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးကိုလတ်၊ မြို့နယ်စည်ပင်သာယာရေး ရေသန့်ဌာနမှ ဦးသက်နိုင်ဦးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနမှ တာဝန်ခံဦးသက်နိုင်ဦးက အယ်နီညိုရာသီ ပူပြင်းခြောက်သွေ့မှုနှင့်ပတ်သက်၍ ရေပြတ်လပ်မှုမရှိစေရေး၊ ရေကောင်းရေသန့်များကို အနောက်ဘက်ကမ်းဒေသသို့ စနစ်တကျဖြန့်ဝေပေးမှုကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှူး ဦးကိုလတ်က အယ်နီညိုသဘာဝနှင့် မီးလောင်ကျွမ်းမှုအန္တရာယ် ကာကွယ်တားဆီးပုံကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ကြည့်မြင်တိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးတင်အောင်က အယ်နီညိုရာသီဥတုအကြောင်းနှင့် ကျရောက်ခံစားနိုင်သော ဝေဒနာများအကြောင်းကို ဟောပြောရာတွင် ကျန်းမာရေးဌာနမှထုတ်ပြန်ထားသော အသိပညာပေးညွှန်ကြားချက်များအတိုင်း လိုက်နာကျင့်သုံးနိုင်ရေး အသေးစိတ် ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။ **ရွှေတိုင်လွင်**

# သောက်သုံးရေလိုအပ်သော ကျေးရွာများသို့ ရေဖြန့်ဝေပေးရန် ရေသယ်ဘောက်ဆာယာဉ်ငါးစီး ရောက်ရှိ

**သုံးခွ မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်သူများကလှူဒါန်းသော သောက်သုံးရေဖြန့်ဝေပေးနိုင်သည့် ကားဂွန်ဒေါင်းရေသယ်ဘောက်ဆာငါးစီးကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ မတ်လ ၂၇ ရက် မွန်းလွဲပိုင်းက ရောက်ရှိကြောင်းသိရသည်။

ယင်းကားဂွန်ဒေါင်းရေသယ်ဘောက်ဆာမှာ တစ်စီးလျှင် ရေဂါလန် ၆၀၀ ဆံ့ဖြစ်ပြီး မြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်သည့် ကျေးရွာများသို့ အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေများကို ပေးပို့ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**



NEW MOTION Travels & Tours
New Motion
ရွှေလျှားသစ်လွင် သင်္ကြန်ခရီးစဉ်
☆ တောင်ကြီး ခရီးစဉ် - April; 11,12,13,17
☆ မန္တလေး ခရီးစဉ် - April; 11,17
☆ တောင်ကြီး-ပုဂံ ခရီးစဉ် - April; 11,12
☆ ပုဂံ-ရွှေစက်တော် ခရီးစဉ် - April; 11
☆ ပုဂံ ခရီးစဉ် - April; 11,12,17
☆ အလောင်းတော်ကဿပ ခရီးစဉ် - April; 13,17
☆ ပုဂံ-အလောင်းတော်ကဿပ ခရီးစဉ် - April; 12
☆ ပြင်ဦးလွင်-အလောင်းတော်ကဿပ ခရီးစဉ် - April; 11,12
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.

ရန်ကုန် – ငွေဆောင် ခရီးစဉ်
April - 12 – 15
(Myanmar Treasure Resort, Aureum Resort & Spa)
မန္တလေး – ငွေဆောင် ခရီးစဉ်
April - 11 – 16
(Aureum Resort & Spa)
ရန်ကုန် – ငပလီ ခရီးစဉ်
April - 12 – 15
(Aureum Resort & Spa)
မန္တလေး – ငပလီ ခရီးစဉ်
April - 12 – 15
(Thande Beach Hotel)
အမှတ်-234, 33လမ်း, 81 × 82 လမ်းကြား။
Ph; 09 431 478 79, 09 259 033 443

**အများသိစေရန် ကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်-၆၉ဂ္ ၊ မြေကွက်တည်နေရာအမှတ် ၆၉ဂ္၊ ဥက္ကာ(၃)လမ်း (ဒေါ်ကြည်အန်/အိုကေအေ ၀၀၂၀၂၀)၊ [၁၂/ဥကမ(နိုင်)၀၀၇၇၂၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် (၂၃၇/၁၅)ဖြင့် ဒေါ်အေးရွှေ [၁၂/ဥကမ(နိုင်)၀၀၆၀၃၄]၊ ဦးမြဝင်း[၁၂/ဥကမ(နိုင်)၀၀၉၀၅၅]၊ ဒေါ်ခင်စန်းဝင်း[၁၂/ ဥကမ(နိုင်)၁၃၄၇၀၂]မှ ရရှိပြီး ၎င်းတို့ထံမှ အရောင်းစာချုပ်(၅၃၇၈/၁၅)ဖြင့်ရရှိသူ ဦးကျော်ကျော်အောင် [၁၂/ဥကမ(နိုင်)၁၂၀၆၁၇]မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလ ထုတ်ပေးထားသည့် ဒေါ်ကြည်အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**တိုက်ခန်းအမြန်ရောင်းမည်**

သင်္ဃန်းကျွန်းမြို့နယ်၊ ရန်အေးလမ်း၊ ဘူတာအနီး၊ တိုက်အသစ်၊ မြေညီထပ်၊ 14' × 55' ×အမြင့်12' အခန်းပြင်ဆင်ပြီး
ရောင်းဈေးသိန်း ၂၇၀
ဖုန်း-၀၉-၅၁၉၈၄၆၉

**နွေရာသီရေကူးသင်တန်း**

အင်းယားလမ်း ရေကူးကန် စိမ်းလန်းစိုပြေ ပန်းခြံအနီး သင်တန်းသားများ လက်ခံနေပါပြီ။ မြန်မာ့လက်ရွေးစင်ဟောင်းများမှ စနစ်တကျ သင်ကြားလေ့ကျင့်ပေးနေပါသည်။
ဖုန်း-၀၉-၇၃၁၀၅၂၇၆၊ ၀၉ ၃၂၅၀၇၀၈၈

**ကန့်ကွက်နိုင်ပါသည်**

[illegible]

ရှေ့နေချုပ် ဒေါ်ခင်မြမြ စုံစမ်းကြော်ငြာ ... ဖုန်း [illegible]

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း (၆)လမ်း၊ အမှတ်(၂၀၅)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားနှင့် ဂရန်အမည်ပေါက်သူ ဦးတင်ရွှေ(SNL-၀၄၅၆၈၃)ထံမှ ဦးသန်းနိုင်[၁၄/ကလန(နိုင်)၀၀၇၇၈၉]က ဝယ်ယူခဲ့ပြီး ၎င်းမြေကွက်ပေါ်ရှိခံစားခွင့်အရပ်ရပ်အား ယခုလက်ဝယ်ပိုင်ဆိုင်သူ ဦးဖြိုးကျော်သူ [၁၂/အစန(နိုင်)၁၇၈၀၄၂]+ဒေါ်စန္ဒာလွင်[၁၂/သကတ(နိုင်)၁၃၃၂၂၇]ထံမှ ကျွန်ုပ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ငါးရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက် သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

ဒေါ်နီနီမြ[၁၂/ကတတ(နိုင်)၀၁၅၄၃၅]
ဖုန်း-၀၉-၅၀၆၃၃၇၁၊၀၉-၅၀၈၁၉၁၅
အမှတ်(၁၇/5-A)၊ ၁၂၆-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**လပြည့်** 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူလုပ်ငန်းရှင် (၁၀၀၀)ဦးအနက် **“ကမ္ဘောဇဘဏ်လီမိတက်”** သည် **“ပထမနေရာ”** မှ ဝင်ငွေခွန်အများဆုံး (၄)နှစ်ဆက်ထမ်းဆောင်ခဲ့ကြောင်းသိရှိရသဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)**၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ၊ **ဦးအောင်ကိုဝင်း** အား အထူးပင်လေးစားလျက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်ရွှေ(ဥက္ကဋ္ဌ)နှင့်အလုပ်အမှုဆောင်များ
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း။

Flowery Land Travels & Tours
သကြင်္န်ကာလ ပြည်တွင်းခရီးစဉ်များ
- ဧကောင်းကြီး-အင်းလေး-ပင်းတယ-တောင်ကြီး (5D/4N) 170,000/-
- မန္တလေး(ရေကြည်ရိုင်)-မင်းကွန်း-ပြင်ဦးလွင် (5D/4N) 170,000/-
- ထားဝယ်(မှင်းကိုးဂွင်)-ကောင်းလုံးဘုရား-မောင်းမကန်ကမ်းခြေ (6D/5N) 220,000/-
01-523077, 01-525868, 09-73129786
09-420023148, 09-795555850, 09-425309591

Scania 4 ည အိပ် ၅ ရက် ငှားရန်ရှိသည်။
ဆက်သွယ်ရန် -
ဖုန်း ၀၉-၅၀၂၆၁၆၇

DADDY Travels & Tours
Ph: 09-5028167
ဝန်ထမ်းအလိုရှိသည်
Computer
Operation Manager
Service Guide

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
[illegible]

ရွှေကမ္ဘာကျော်
(မြန်မာထမင်းဆိုင်)
* ချိုင့်ဆွဲပေးသည်။
* သင်္ကြန်အတွက် အော်ဒါလက်ခံသည်။
ဖုန်း - 09 979 201 603 / 09 262 212 026
09 252 274 604

MIHARA CAR RENTAL
Road To Thailand
မြဝတီ - မဲဆောက် ခရီးစဉ် အပတ်စဉ်
(၃)ညအိပ်(၄)ရက် - ၁၂၀,၀၀၀/ကျပ်
ပေလီကမ်းခြေ ခရီးစဉ် အပတ်စဉ်(၆)ဦးပြည့်တိုင်းထွက်ပါမည်
(၃)ညအိပ်(၄)ရက် - ၁၆၀,၀၀၀/ကျပ်
မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစင်းလုံးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။(လူဦးရေ ၄ ယောက်မှ ၃၄ ယောက်ထိ)
Ph: 09 49218700, 09 5025400, 09 43124072

ဂန္ထဝင် ခန်းဆီးလိုက်ကာလုပ်ငန်း နှင့် အိမ်ခန်းပြုပြင်ရေး
ခန်းဆီးလိုက်ကာ ပိတ်စနှင့်တန်း။ Remote လိုက်ကာတန်း။
Vertical , Venetian Blinds တန်းနှင့် Express ကားလိုက်ကာများ တပ်ဆင်ခြင်း။ ဆိုဖာ၊ ကူရှင်များပြုလုပ်ခြင်း နှင့် အခြားအိမ်ခန်းပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးနေပါပြီ။
အမှတ်-၉၊ မြေညီထပ်၊ နောင်ရိုးလမ်း၊ မဆလာစက် (မှတ်တိုင်အနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ : ၂၀၂၂၃၂၂၀၉-၄၃၀၉၇၇၀၇၊ ၀၉-၉၇၂၂၉၀၆၁၉၊ ၀၉-၅၁၁၆၉၁၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ်(၈၇၅/က)၊ မြေကွက်တည်နေရာအမှတ်(၈၇၅/က)၊ (၇၀)ရပ်ကွက်၊ ဒဂုံတောင်(ဦးကျော်မြင့်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်မြင့်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်သောင်း ကွယ်လွန်သွားသောကြောင့် ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းမာ [၁၂/ဥကတ(နိုင်)၁၃၆၄၄၇]မှ တစ်ဦးတည်းသော တရားဝင်ဇနီး ဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့နှင့်တကွ မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ ကိုယ်တိုင်ဝန်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## ၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက် ရရှိခဲ့သည့်

## ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်**

- ၂၀၁၁ -၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂ -၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃ -၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄ -၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ပါခြင်း တို့အတွက်

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လေးစားအားကျမိပါကြောင်းနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ဆက်လက်ပါဝင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**Kaung Zaw Hein Company Limited**

**OK Myanmar Company Limited**




- အောက်ပါအချက်အားလုံးနှင့် ကိုက်ညီရုံဖြင့် MPT ၏ **ယူထား** ဝန်ဆောင်မှုကို ရယူနိုင်ပါပြီ။
  - MPT ၏ Prepaid စနစ် GSM/WCDMA အသုံးပြုသူများ ဖြစ်ရပါမည်။
  - ဖုန်းငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းသူ ဖြစ်ရပါမည်။
  - လွန်ခဲ့သော (၆) လ အတွင်း အနည်းဆုံးတစ်ကြိမ်ဖုန်းငွေဖြည့်ထားသူ ဖြစ်ရပါမည်။
  - နောက်ထပ်တစ်ကြိမ် ထပ်မံ ချေးယူလိုပါက ပထမအကြိမ် **ယူထား** ငွေကို ပေးဆပ်ပြီး ဖြစ်ရပါမည်။
- **ယူထား** ဝန်ဆောင်မှုကို ရက် (၃၀) အတွင်း အသုံးပြုနိုင်မှာ ဖြစ်ပြီး ဖုန်းဘေလ် လွှဲပြောင်းပေးခြင်း (Balance Transfer) မှလွဲ၍ MPT ဝန်ဆောင်မှု အားလုံးအတွက် အသုံးပြုနိုင်ပါသည်။
- **ယူထား** ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခ (၅၀) ကျပ်သာ ကျသင့်မည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday


2016 APRIL
SAMSUNG DAY
Samsung smart phones နှင့် Tablets
တွေဝယ်ယူပြီး နှစ်သစ်ကို ကြိုဆိုကြရအောင်....
ဧပြီ လ (၁)ရက် - (၅)ရက်နေ့အထိ ...
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Power Bank+ Stand + Bluetooth Speaker
Dual Charger
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Water Proof Bag
Samsung Towel
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG

POPULAR STAR Travel & Services

Apr 13
Apr 10

No 74, Nant Thar St, Ahlone Tsp, Yangon. Ph; 012301866, 095129134

POSSIBLE Travels & Tours

| | | |
|---|---|---|
| တောင်ကြီး–အင်းလေး–ကလော–ပင်းတယ | (4N/5D) April 12.16 Royal Class | 320000/- |
| | VIP Class 270000/- Normal Class | 180000/- |
| တောင်ကြီး–အင်းလေး–ကလော–ပင်းတယ–လွိုင်ကော်–ဒီမော်ဆိုးလ် | (5N/6D) April 12 | 270000/- |
| ကယားပြည်နယ်–ဒီမော်ဆိုးလ်–ပန်ပက်ရွာ | (3N/4D) April 13 | 170000/- |
| ပုဂံ–ညောင်ဦး–ပုပ္ပား–ပခုက္ကူ | (4N/5D) April 9,13 | 170000/- |
| မန္တလေး–မုံရွာ–အလောင်းတော်ကဿပ–ပြင်ဦးလွင် | (5N/6D) April 12 | 220000/- |
| ထားဝယ်–မောင်းမကန်–လောင်းလုံဘုတ်ကျွန်း | (4N/5D) April 9,12,14,16 | 230000/- |
| ကရင်ပြည်နယ်–ကျုံဒော–သဒ္ဒန်ဂူ–ဖော်လမြိုင်–ကျိုက္ကမီ–စက်စဲ | (3N/4D) April 12,16 | 145000/- |

Contact Ph : 01-706716, 01-9010327, 09-259257822-23,09250790919

ဂန္ဓဝင်ရွှေပုဂံ Travels & Tours

| | | | | |
|---|---|---|---|---|
| ပုဂံ–ပုပ္ပါး–ပခုက္ကူ | (၄ညအိပ်–၅ရက်) | April 12,13 | ၂ | (သိန်း) |
| စစ်တွေ – မြောက်ဦး | (၆ညအိပ်–၇ရက်) | April 12,13 | ၃.၅ | (သိန်း) |
| မန္တလေး–လားရှိုး–မူဆယ်–ရွှေလီ | (၇ညအိပ်–၈ရက်) | April 12,13 | ၃.၂ | (သိန်း) |
| တောင်ကြီး–အင်းလေး–ပင်းတယ–ကလော | (၄ညအိပ်–၅ရက်) | April 12,13 | ၂ | (သိန်း) |
| အလောင်းတော်ကဿပ–မန္တလေး–ပြင်ဦးလွင် | (၅ညအိပ်–၆ရက်) | April 12,13 | ၂.၈ | (သိန်း) |

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:01-500191,519292,519293,510491,510218, 519360,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph:09-3169 3339, 09- 730 13856 Hot Line: +95 9 7300 3772

ZSS ဇမ္ဗူရွှေစင်

သင်္ကြန်ခရီးစဉ်များ

April 11 to 18

April 22 to 29 1450 USD

ဘုန်းကြီးကျောင်း 1150 USD

1350 USD

1800 USD

E-mail: zambushwesin@gmail.com Facebook Page: Zambu Shwesin Travels & Tours

Ph: 01 -221443, 09 - 502 4269, 09 -250 508 568, 09 -250 190 903

UNIQUE STAR TRAVELS & TOURS

| | | |
|---|---|---|
| Cambodia - Bangkok | (6D) | ( $ 750 ) |
| Phuket - Bangkok | (6D) | ( $ 950 ) |
| Chiangmai-Bangkok | (6D) | ( $ 850 ) |
| Singapore -Malay | (6D) | ($ 1050) |
| Singapore | (4D) | ($ 900) |
| Vietnam - Cambodia | (6D) | ( $ 950 ) |

Bangkok-Pattaya-Ayuttaya (6D)
[ Tiger Zoo, Alcaza Show, Nong Nooch Garden, Coral Island , Kao Chee Chan, King Power, Dream World, Safari World, Emerald Buddha, Baiyoke Sky Dinner, Cruise Dinner, Ayutthaya]
Apr: 3, 23, 30 / May: 7 ( $ 350 / $ 400)
Apr: 10, 11, 12, 13, 14 ( $ 400/ $ 450 )

Yangon/Mandalay-Bangkok Airticket များကိုလက်ကားဈေးဖြင့်ရောင်းချနေပါသည်။
70/A, Kabaaye Pagoda Rd,860 4964-65-66, 708 353, 705 723, 09 7310 9133- 44- 55- 66.
No(126), 42th Street, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

ရခိုင်ပြည်ဘုရားဖူးခရီး

200000/

150000/ (12-4-16) (19-4-16)

Ph:09 448003431,0949660481,09 798860461

BAYDA LAND Travel & Tours
09 795883161, 09 448023477

35000 Ks

67000 Ks

မြန်မာမြတ်ချယ်ရီ Travel & Tours
01-551240, 09-5003647

Package

(April 10)(8D /7N) $ 795

$ 895

350000Ks

(April 11)(7D /6N)

Fb: Myanmar Myat Cherry Travel & Tours

မြန်မာမြတ်ချယ်ရီ Travel & Tours
01-551240, 09-5003647

April 10-17 Package

Beach

(8D /7N) $ 895

(April 11) (7D /6N) 3.5 သိန်း

Fb: Myanmar Myat Cherry Travel & Tours

AMERICAN VISION
EYE CARE CENTER

အမေရိကန်ပိုင်းရှင်း နွေရာသီ Sunglasses Promotion အထူးအစီအစဉ်

ခရမ်းလွန်ရောင်ခြည် (UV Ray) များကိုရာနှုန်းပြည့်ကာကွယ်ပေးသော ကမ္ဘာကျော် BRANDED နေကာမျက်မှန်ဝယ်ယူသူတိုင်းအတွက်

Summer SALE

1st pair... 10% discount

2nd pair... 20% discount

3rd pair... 30% discount

လက်ဆောင်တွေလည်းပေးဦးမှာနော်

AMERICAN VISION ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့အခုပဲသွားလိုက်ကြစို့သူငယ်ချင်းတို့။ only until 30.4.2016

YGN: (01) 242476, 241897,MDY: (02) 35588, 32053, NPT: (067) 432393

ရွှေကံကော် ပိုးထည်တိုက်

သင်္ကြန်နှစ်သစ်ကူး အကြီးအထူး ဈေးရောင်းပွဲတော် (1.4.2016) ~ (7.4.2016)

up to 50%

ရန်ကုန်(၁) အမှတ် – ၁၆၁၊ အနောက်ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ – ၂၄၃၅၆၂
ရန်ကုန်(၂) အမှတ် – ၄၇၅၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ နာနတ်တောလမ်းအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ – ၅၂၃၀၁၉၊ ၀၉ – ၇၃၀၃၈၅၆၅
မန္တလေး အမှတ် – ၇၀၊ ၇၈လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ရတနာပုံဒိုင်းမွန်းပလာဇာအနီး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ – ၂၄၃၅၆

Mr. Myanmar

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ

UMTA

6D5N (11 - 16 April) — Bangkok USD 650

5D4N (12 - 16 April) — Singapore USD 1020

| | | | | | |
|---|---|---|---|---|---|
| ဂျပန် ၉ရက် (11 Apr) | - 3100 USD | ဩစတေးလျ ၁၁ရက် (11 Apr) | - 3990 USD | ဘာလီကျွန်း ၆ရက် (11 Apr) | - 1350 USD |
| ကိုရီးယား ၉ရက် (13 Apr) | - 2250 USD | တရုတ်ပြည် ၁၀ရက် (12 Apr) | - 1750 USD | ချင်းမိုင် ၅ရက် (13 Apr) | - 690 USD |
| ရုရှား ၈ရက် (11 Apr) | - 2990 USD | ဟောင်ကောင် ၈ရက် (10 Apr) | - 1690 USD | ဖူးခက်ကမ်းခြေ ၄ရက် (12 Apr) | - 870 USD |
| ဒူဘိုင်း ၇ရက် (11 Apr) | - 2400 USD | စင်္ကာပူ-ဘင်တန် ၅ရက် (12 Apr) | - 1170 USD | ဗီယက်နမ် ၇ရက် (10 Apr) | - 1020 USD |
| ဘူတန် ၆ရက် (12 Apr) | - 2350 USD | မလေးရှား ၅ရက် (12 Apr) | - 830 USD | ဗီယက်-ကမ္ဘောဒီးယား ၈ရက် (10 Apr) | - 1380 USD |

TEL: 228828, 09972897722, 09972897733, 09799753144, 09799753155

GL အဆင့်မြင့်ခရီးသွားလုပ်ငန်း

◆ စစ်တွေ၊ကျောက်တော်၊မြောက်ဦး၊ငပလီကမ်းခြေ (Thande Beach Hotel) Apr 12

◆ မြဝတီ၊မဲဆောက်၊ဖဝေါ၊ဘားအံ၊ကော့ဂွန်းဂူ Apr 12

◆ တောင်ကြီး၊အင်းလေး၊လွိုင်ကော်၊ဒီးမော့ဆို၊ငွေတောင်ဆည် Apr 12

◆ ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင် Apr 12

အမှတ်(V.3)၄၀၁(၅)လမ်း၊မြကန်သာ၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။

ATTOLLO အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ

| | | | |
|---|---|---|---|
| လားရှိုး၊မူဆယ်၊ရွှေလီ၊မန်စီ၊ဝမ်တိန် | APR 11 | တောင်ကြီး၊အင်းလေး | APR 12 |
| ထားဝယ်၊မောင်းမကန်၊ကန်ချနာပူရီ | APR 11 | စစ်တွေ-မြောက်ဦး | APR 12 |
| မော်လမြိုင်၊ဘားအံ၊မြဝတီ၊မဲဆောက် | APR 12 | ငပလီကမ်းခြေ | APR 18 |
| ကော့သောင်း၊သူဌေးကျွန်း | APR 17 | မြိတ်ကျွန်းစု | APR 13 |

www.facebook.com/attollotravel

Ph : 01-389187, 09-32109138, 09-795418474

ဗိုးမြင့်ကြယ် ကားမျိုးစုံငှားရမ်း ဆောင်ရွက်ပေးသည်။

သင်္ကြန်အတွက် ချောင်းသာ/ငွေဆောင် Hotel, Guest အခန်းစီစဉ်ပေးသည်။

ချောင်းသာ (Hotel -ငြိမ်း) 40000/50000 | ငွေဆောင် (Hotel -တား) 40000

01-549380, 09-5093704, 09-450012971

သန္တိသုခ ၏ သင်္ကြန်ခရီးစဉ်များ

A. ထားဝယ်-ရှင်ကိုရှင်၊ ထီးခီး(မြိုင်ဘုရား) APR 11

B. ထားဝယ်နယ်စပ်-ထီးခီးနှင့် APR 10 — 09 - 4210 14 940

C. တောင်ကြီး-အင်းလေး APR 11 — 09 - 264 444 750

ရွှေဥဒေါင်းမင်း 09-421152677, 09-421122687

မဟာသင်္ကြန်တောင်ကြီးအထူးခရီးစဉ်

တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကဲ့လဲ့၊ကလော၊အောင်ပန်း 100000

ငွေတော်ကတ္တူ၊ ထမ်းစင်လိုက်ပါ (စား+တည်းခိုခ)..... Apr 11 ထွက်မည်

လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပြည့်စုံရတနာ အထူးခရီးစဉ်

- အင်းတော်ကြီး ရွှေမြဇူနှင့်အလောင်းတော်ကဿပ Apr-12
- မန္တလေး၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ၊မန်စီ (၇) ရက် Apr-11

Apr-1,8,11,17

09-250269946, 09-73169071

သန်းဌေးနှင့်ချောင်းရင်းများ မှ မဟာသင်္ကြန်ခရီးစဉ်များ

April 1, 8, 11, 12, 17, 22, 29 ထွက်မည်

Mar 25

Ph : 01-380141, 01-241863, 09-43043109, 09-73251422

Apr 11,12,17

Ph: 01-392704, 09 73017110, 09 785065657, 09 785065657

GOLDEN STAR Travels & Tours

| | |
|---|---|
| ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပုဂံ | Apr-11,12,17 |
| ရွှေစက်တော်-ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး | Apr-12 |
| မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ | Apr-11 |
| တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ | Apr-9,11,12,17 |
| ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ | Apr-11,12 |
| တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် | Apr-12 |
| ငွေဆောင်(Hotel + Car) | Apr-11,12,13,14 |

Ph;09-5081580, 09-5036640, 09-5080860, 703448


## အလက(၅)ရန်ကင်း၊ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

အလက(၅)ရန်ကင်းတွင် နှစ်အဆက်ဆက်က တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ သက်ပြည့်လုပ်သက်၊ ဆေးပင်စင် ယူသွားကြသော ဆရာ၊ ဆရာမများ၊ နှုတ်ထွက်၊ ပြောင်းရွှေ့၊ အစားထိုး သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများနှင့် ယခုလက်ရှိ ပညာသင်ကြား ပေးနေသော ဆရာ၊ ဆရာမများအားလုံးကို နှစ်စဉ်ကျင်းပခဲ့သည့်အတိုင်း အပိုင်း(၂)ပိုင်းခွဲပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ(၂၀)ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်(၉:၀၀)နာရီတွင် အလက(၅) ရန်ကင်း၊ မြတ်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ အနေဖြင့် ဖိတ်ကြားလွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပေးကြပါရန် ဂါရဝတရား ရှေ့ထားပြီး လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။



# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများ

(၂၀၁၅) ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်တွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို ကရဝိတ်ခန်းမတော်တွင်(၁၂.၇.၂၀၁၅) တနင်္ဂနွေနေ့က ဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။



၂၀၁၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်အလိုက် အောင်ချက်ရာခိုင်နှုန်း

| | |
|---|---|
| မြန်မာစာ | ၁၀၀.၀၀% |
| အင်္ဂလိပ် | ၈၁.၆၇% |
| သင်္ချာ | ၈၁.၆၇% |
| ဓာတုဗေဒ | ၉၁.၆၇% |
| ရူပဗေဒ | ၈၅.၀၀% |
| ဇီဝဗေဒ | ၉၇.၁၉% |
| ဘောဂဗေဒ | ၇၈.၂၆% |

ကျောင်း၏အောင်ချက်ရာခိုင်နှုန်း (၈၃.၃၃%)

၅တန်း မှ ၁၀တန်း အထိ

၈၊ ၉၊ ၁၀ တန်းခွဲ(၁)များ စပြီ၊

၅၊ ၆၊ ၇ တန်းခွဲများ May(2)ရက် စမည်၊

၁၈/၄၁၊ သီရိဂုဏ်အိမ်ရာ၊ ၈၀လမ်း၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့၊ ၀၁ ၅၅၆၂၈၁၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၈၀၈၊ ၀၉ ၃၁၂၄၃၂၇၉ အဆုံးသင်/ကျွမ်းကျင် Guide အပိုရှိသည်။



# ရွှေထိပ်တန်း စားတည်းကြီးမားဆိုးစဉ်များ

ချောင်းသာ ငွေဆောင်

01-701015, 09-5403844, 09-5044830

# EL Dorado Travel

Ph:01 500424,09259256647, 3 Star +++Hotel များ / 45 Seater
09 972447645,09799652510 Tour Grade YUTONG Car များနှင့်သာ

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်



# Yes!! English School

** Always say Yes!! to English. **

4 skill English classes

★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT

Start On Mar & April
28,30,2,3,4,23,24,25,27,30.

၂၃၊လှည်းတန်းလမ်းမ Ph : 01-511778, 09-73033648



# ဆရာငွေ နှင့်သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)

အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်

၉ တန်း မှ ၁၀ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။

Ph: 01-375970, 0951 72096, 09254541441



# တက္ကသိုလ်ဝင်တန်းခြေချိုအားလုံး

www.getc-languageschool.com

GETC



မြို့ကုန်း 01-537895, 09-262963776
တာမွေ 01-549590, 09-254148006
မရမ်းကုန်း 01-663960, 09-259822220
အင်းစိန် 09-259822226/7

▲Communicative English ▲General English ▲FCE ▲IELTS



# Home

Since 1996

New Arrival Design for Kitchen Cabinet



Upper Lower Cabinet

1 Box


ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါအမှတ်-၀၈/မမ/(CE)(2016-2017)

ဥသျှစ်ပင်ကွန်ကရစ်ဇလီဖားတက်ရိုတွင်အသုံးပြုရန်( ၆"x၉" )အရွယ် ကျောက်ကြီး (၂၆၀၀)ကျင်းအား ကျောက်ကွင်းအထိုင်ဈေးဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် – ၄.၅.၂၀၁၆ (၁၂:၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၈.၃.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -294352, 291994.


# FEG
Future Engineer Generation
Vocational, Computer & Language Training School

ဒုတိယထပ်၊ ၃၈လမ်းဈေးလာဘာ (စည်ပင် ၉ ထပ်ရုံ)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
၀၉၇၈၃၉၆၂၅၅၊ ၀၉၇၈၂၅၇၇၃၆
fegtrainingschool@gmail.com
facebook:FEGtrainingschool

မြန်မာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် ၉.၄.၂၀၁၆ အထိ အောက်ပါပုံမှန်နှင့် အမြန်သင်တန်းများ အပ်နှံသူအားလုံးအတွက် ၁၅% Discount ရရှိမည် အခွင့်အရေး

- ✓ M&E Working Drawing
- ✓ Revit (MEP)
- ✓ M&E Mechanical Design
- ✓ M&E Electrical Design
- ✓ Civil Estimate
- ✓ Civil AutoCAD (2D & 3D)
- ✓ AutoCAD (General)
- ✓ Photoshop (Special)
- ✓ Graphic Design
- ✓ PLC (Level I, II)
- ✓ Industrial Motor Control
- ✓ Welding (3G, 4G)
- ✓ ပိုက်ဝါယာသင်တန်း
- ✓ အင်ဂျင်စက်ပြင်သင်တန်း
- ✓ ဓာတ်ဝါယာသင်တန်း
- ✓ လျှပ်စစ်ဝါယာရင်းကျွမ်းကျင်သင်တန်း
- ✓ အိမ်ယာကွန်း၊ ရေချိုးသေဖတ္တာကျွမ်းကျင်သင်တန်း
- ✓ အသုံးချအီလက်ထရောနစ် သင်တန်းများ





ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှမဒေ) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာဦးမျိုးချမ်းစီစဉ်သည်။

# ပညာအောင်မြေ
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်ဘော်ဒါ

"ပညာအောင်မြေ" ၏ မျှော်မှန်းချက်
စိတ်ဓာတ်-စည်းကမ်း-ပညာ ဖွံ့ဖြိုးသော နိုင်ငံသားကောင်းလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရမည်

ကျောင်းကား ရှိသည်

ဘုတ်ချော်ရေး လယ်ပြ/ထက်ပြ သင်ကြားရေးဆရာ/ဆရာမများ (Study Guide) နှင့် အဆောင်မှူး(ကျား/မ) ရာထူးများအတွက် အလုပ်လျှောက်ထားနိုင်သည်။

ကျောင်းတည်နေရာ
Ph : 09-25 222 9991, 09-25 222 9992, 09-25 222 9993, 09 730 33212

Hot Line No-0930500100

# တီးတိန်မြို့နယ် ချင်းတောင်ခြေ ခိုင်ကမ်းမြို့ ဖွင့်ပွဲနှင့် ကျေးရွာချင်းဆက်တံတား နှစ်စင်းဖွင့်လှစ်


ခိုင်ကမ်း-မှာလ်ဇန်-ဟွဲချောင်းကားကူးကြိုးတံတားအား တွေ့ရစဉ်။

**တီးတိန် မတ် ၂၉**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ် ချင်းတောင်ခြေ ခိုင်ကမ်းမြို့နှင့် ဒေသတွင်းကျေးရွာချင်းဆက်တံတား နှစ်စင်းကို မတ် ၂၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ခိုင်ကမ်းမြို့ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဦးစီးဌာန ၁၅ ခုနှင့် ရပ်ကွက်လေးခုတို့ဖြင့် ဖွဲ့စည်းထားပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တို့ဆက်သွယ်ထိစပ်လျက်ရှိသော ချင်းတောင်ခြေ ခိုင်ကမ်းမြို့၌ ဌာနဆိုင်ရာများ မြေနေရာချထားပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးရာ တီးတိန်မြို့နယ်မှ တာဝန်ရှိသူတစ်ဦးက မြေပုံကားချပ်များဖြင့် လိုက်လံရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၅- ၂၀၁၆

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# မြန်မာအသင်း လက်ဘနွန်အသင်းကို အဝေးကွင်းတွင် သရေကစား

**လက်ဘနွန် မတ် ၂၉**

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် လက်ဘနွန်အသင်းနှင့် မြန်မာအသင်းတို့ ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက လက်ဘနွန်နိုင်ငံတွင် ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ တတိယအဆင့်သို့ တက်ရောက်နိုင်ရန် မျှော်လင့်ချက်မရှိသော်လည်း ကစားပုံတိုးတက်လာသည့် မြန်မာအသင်းမှာ လက်ဘနွန်အသင်းကို အဝေးကွင်း၌ သရေကစားနိုင်ခဲ့သည်။ ယခုခြေစစ်ပွဲရလဒ်များမှာ ၂၀၁၉ အာရှဖလားခြေစစ်ပွဲအတွက်ပါ ထည့်သွင်းတွက်ချက်သောကြောင့် မြန်မာအသင်းမှာ အဆင့်(၄)နေရာရအသင်းများထဲတွင် အကောင်းဆုံးလေးသင်းစာရင်းဝင်ခဲ့သောကြောင့် အာရှဖလားပြိုင်ပွဲကို တတိယအဆင့်ခြေစစ်ပွဲမှ စတင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

မြန်မာအသင်းမှာ စင်ကာပူလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲထွက်လူစာရင်းမှ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဘယ်နောက်ခံလူနေရာ၌ နန္ဒကျော်အစား ဟိန်းသီဟဇော်ကို ထည့်သွင်းကစားခဲ့သည်။ စင်ကာပူအသင်းနှင့်ပွဲမှ အမာခံကစားသမားအများစု ပါဝင်လာသည့် မြန်မာအသင်းမှာ ပထမပိုင်းတွင် အိမ်ရှင်လက်ဘနွန်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပွဲအစတွင် မြန်မာအသင်းဂိုးရနိုင်သည့် အခွင့်အရေးရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ လက်ဘနွန်အသင်းမှာ အမြင့်ဘောများဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ပြီး အပိုင်ခေါင်းတိုက်ချက်များ လွဲချော်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် လက်ဘနွန်အသင်း တိုက်စစ်အားမြှင့်လာသော်လည်း မြန်မာအသင်းက တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ၇၄ မိနစ်တွင် မြန်မာအသင်း ဂိုးရခဲ့ပြီး မောင်မောင်လွင်၏ ဖန်တီးပေးမှုမှ တစ်ဆင့် အောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ကျော်ကိုကို အပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၈၄ မိနစ်တွင် ဟိန်းသီဟဇော် နှစ်ဝါ၊ တစ်နီဖြင့် အထုတ်ခံခဲ့ရသည်။ တစ်ယောက်အသာရသွားသည့် လက်ဘနွန်အသင်းမှာ ၈၆ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ရဲကိုဦး ဂိုးရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာအသင်းမှာ ရမှတ် ၈ မှတ်ဖြင့် အဆင့်(၄) နေရာသာရရှိပြီး တတိယအဆင့် ခြေစစ်ပွဲသို့ မတက်ရောက်နိုင်ခဲ့ပေ။ သို့သော် ၂၀၁၉ အာရှဖလားပြိုင်ပွဲဝင်ခွင့်အတွက်ပါ ထည့်သွင်း တွက်ချက်သောကြောင့် မြန်မာအသင်းမှာ အဆင့်(၄)နေရာရအသင်းများ၏ အကောင်းဆုံးလေးသင်း စာရင်းဝင်ခဲ့သောကြောင့် အာရှဖလားတတိယအဆင့် ခြေစစ်ပွဲသို့ ယှဉ်ပြိုင်ခွင့်ရခဲ့ကြောင်းသိရသည်။

**(ညီမြတ်သော်တာ)** ■

## ယနေ့ မာတိကာ


အီဂျစ်အဲလေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ် ပြန်ပေးဆွဲခံခဲ့ရသော်လည်း ပြန်ပေးသမားကို ဖမ်းဆီးရမိ စာမျက်နှာ - ၄

အကယ်ဒမီဆုပေးပွဲကြီး ကျင်းပရန် ငါးရက်သာလိုတော့သည် စာမျက်နှာ - ၉

ရီးယဲလ်မက်ဒရစ်ရဲ့ ရလဒ်ဆိုးတွေအတွက် ကျွန်တော်တို့ကို အပြစ်မတင်ပါနဲ့ စာမျက်နှာ - ၁၃







themirror.npt@gmail.com www.facebook.com/themirrordaily